# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**အလွန်ကဲဆုံးချမ်းသာ**

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၆ ခုနှစ်၊ ကဆုန်လပြည့်နေ့ | ၂၀၂၄ ခုနှစ်၊ မေ ၂၂ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၃)၊ အမှတ်(၂၃၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# ပညာရှာရမည့်အရွယ်တွင် ပညာရှာဖွေကြခြင်းသည် မှန်ကန်သည့် လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပညာသင်ယူသည့်နေရာတွင်လည်း စာပေဘာသာရပ်တစ်ခုတည်းကို တတ်မြောက်ထူးချွန်ရုံသာမဟုတ်ဘဲ ပြင်ပစာအုပ်၊ စာပေများကိုဖတ်ရှုခြင်းဖြင့် ဖြန့်ကြက်တွေးခေါ်မြော်မြင်နိုင်မှုရှိအောင် ကြိုးစားသွားကြရန်လို

နေပြည်တော် မေ ၂၁

ပညာရှာရမည့်အရွယ်တွင် ပညာရှာဖွေကြခြင်းသည် မှန်ကန်သည့် လုပ်ဆောင်ချက်ဖြစ်သကဲ့သို့ ပညာသင်ယူသည့်နေရာတွင်လည်း စာပေဘာသာရပ်တစ်ခုတည်းကို တတ်မြောက်ထူးချွန်ရုံသာမဟုတ်ဘဲ ပြင်ပစာအုပ်၊ စာပေများကိုဖတ်ရှုခြင်းဖြင့် ဖြန့်ကြက်တွေးခေါ်မြော်မြင်နိုင်မှုရှိအောင် ကြိုးစားသွားကြရန် လိုအပ်ကြောင်း၊ သို့မှသာလျှင် အဆိုးအကောင်း၊ အကျိုးအကြောင်း ခွဲခြားသိမြင်မှုနှင့်အတူ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်ကောင်းများ ဖြစ်လာကြမည်ပင်ဖြစ်ကြောင်း၊ မိမိတို့တစ်ဦးချင်းစီ၏ မှတ်တမ်းကောင်းပုံရိပ်များသည် မိမိတို့၏ မိဘဆွေမျိုးဂုဏ်ကို ဖော်ဆောင်ခြင်းဖြစ်သကဲ့သို့ မိမိတို့ကျောင်း၊ ရပ်ရွာမှသည် နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဖွယ်ရာ မှတ်ကျောက်များပင်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ကျင်းပပြုလုပ်သည့် အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❑

## ယနေ့ ဖတ် စ ရာ


**မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်ဖြစ်လာသည့် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်တွင် ဘူမိဥယျာဉ်အခြေပြုခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် စီစဉ်နေ** — ပြည်တွင်းသတင်း စာ ၇

**အနာဂတ်ကိုမြော်တွေး အားလုံးကျောင်းနေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့** — ဆောင်းပါး စာ ၁၀




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

**❖ သင်တန်းကာလ ရက်သတ္တပတ်လေးပတ်တာအတွင်း၌ သိသင့်သိထိုက်သည့် ရေကြောင်း၊ လေကြောင်းပညာရပ်များအပြင် အခြေခံစစ်ပညာဖြစ်သည့် စစ်ရေးပြဘာသာရပ်များကိုပါ လေ့ကျင့်သင်ကြားခဲ့ကြပြီးဖြစ်၊ စစ်ရေးပြဘာသာရပ်သည် အမိန့်နာခံတတ်ခြင်း၊ စည်းကမ်းကောင်းခြင်းနှင့် အချင်းချင်းပူးပေါင်းဆောင်ရွက်တတ်ခြင်းတို့ကို ဖြစ်ပေါ်စေခြင်းကြောင့် ယခုကဲ့သို့ သင်တန်းများတွင် ထည့်သွင်းသင်ကြားပေးရခြင်းဖြစ်၊ ထို့အပြင် "နိုင်ငံတော်ရဲ့ လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်း" ကိုပါ ပို့ချပေးခဲ့ခြင်းကြောင့် သမိုင်းကြောင်းအမှန်များကိုသိရှိပြီး တိုင်းချစ်ပြည်ချစ်စိတ်များထက်သန်ကာ တိုင်းပြည်၏ ဂုဏ်ကိုမြှင့်တင်ပေးလိုသည့်သူ၊ အမျိုးဂုဏ်ဇာတိဂုဏ်ကို စောင့်ထိန်းလိုသူများဖြစ်အောင် ဆောင်ရွက်သွားကြရမည်၊ ပညာပြည့်ဝနှလုံးလှသည့် လူငယ်များ၏အားကသာလျှင် နိုင်ငံတော်ကို ကောင်းကျိုးအဖြာဖြာဖြစ်ထွန်းစေမည်**

❑ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဒုတိယဗိုလ်ချုပ်ကြီး ဇွဲဝင်းမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်မောင်မယ်များ၊ အုပ်ချုပ်သူနည်းပြများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ကြသည်။

**လေ့လာဆည်းပူးခဲ့ကြပြီးဖြစ်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဂုဏ်ပြုအမှာစကားပြောကြားရာတွင် ပညာသင်နှစ်တစ်နှစ်တာပြီးဆုံးပြီး မိမိတို့ရရှိသည့် နွေရာသီကျောင်းပိတ်ရက် အားလပ်ချိန်များကို အလဟဿ မဖြစ်စေဘဲ မိမိကိုယ်တိုင်အတွက်လည်း အကျိုးရှိ၊ နိုင်ငံတော်အတွက်လည်း အထောက်အကူဖြစ်စေသည့် ရေကြောင်းနှင့် လေကြောင်းဆိုင်ရာ ပညာရပ်များကို သင်တန်းကာလအတွင်း လေ့လာဆည်းပူးခဲ့ကြပြီးဖြစ်ကြောင်း၊ အနာဂတ်ကာလတွင် နိုင်ငံတော်တိုးတက်မှုကို အထောက်အကူဖြစ်စေမည့် ရေကြောင်း၊ လေကြောင်းပညာရပ်ဆိုင်ရာ သင်တန်းအသီးသီးကို တက်ရောက်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မျိုးဆက်သစ်မောင်မယ်များနှင့် ယခုကဲ့သို့တွေ့ဆုံပြီး ဂုဏ်ပြုအမှာစကားပြောကြားရသည့်အတွက် များစွာဝမ်းသာပီတိဖြစ်ရသည်ကို ပြောကြားလိုကြောင်း။

မိမိတို့နိုင်ငံတွင် ရှေးယခင်ကတည်းက ရေကြောင်း၊ လေကြောင်းဆိုင်ရာ သင်တန်းများကို ဖွင့်လှစ်သင်ကြားပေးခဲ့သည့် အစဉ်အလာများရှိခဲ့ကြောင်း၊ ၂၀၁၄ ခုနှစ်မှစတင်ပြီး ရေကြောင်း၊ လေကြောင်း လူငယ်သင်တန်းများကို အခြေခံနှင့်တန်းမြင့်ဟူ၍ ခွဲခြားသတ်မှတ်ကာ ကျောင်းသား/ကျောင်းသူ လူငယ်မောင်မယ်များကို အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန် စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် နိုင်ငံတစ်ဝန်းတွင် သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေရခြင်းဖြစ်ကြောင်း။

**စိတ်ပါဝင်စားမှုအပေါ် များစွာဂုဏ်ယူမိ**

ရေကြောင်း၊ လေကြောင်း လူငယ်သင်တန်းအသီးသီး စတင်ဖွင့်လှစ်သင်ကြားပေးချိန်မှ ယနေ့ကာလတိုင်အောင် တစ်နှစ်ထက်တစ်နှစ် နှစ်စဉ်သင်တန်းတက်ရောက်သူ အင်အားအရေအတွက် တိုးတက်လာသည်ကို တွေ့ရခြင်းကြောင့် မျိုးဆက်သစ်မောင်မယ်တို့၏ စိတ်ပါဝင်စားမှုအပေါ် များစွာဂုဏ်ယူမိကြောင်း။

**လက်တွဲညီညီဆောင်ရွက်**

မိမိတို့မြန်မာနိုင်ငံသည် မိုင်ပေါင်း ၁၂၀၀ ကျော်ရှည်လျားသည့် ပင်လယ်ပြင်ကမ်းရိုးတန်းကို ပိုင်ဆိုင်ထားသကဲ့သို့ ပထဝီအနေအထားအရလည်း အချက်အချာကျသည့်နေရာတွင် တည်ရှိနေခြင်းကြောင့် မိမိတို့၏ရေပြင်၊ ဝေဟင်ပိုင်နက်များကို ပိုင်နိုင်စွာစိုးမိုးထားနိုင်ရန်လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ ကာကွယ်ရေးစွမ်းအား အပြည့်အဝရရှိခြင်းနှင့်အတူ တိုင်းပြည်၏ အချုပ်အခြာအာဏာကိုလည်း ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ *စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေနေမှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အခြေခံနှင့် တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့် တန်းမြင့် လေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။

*စာမျက်နှာ ၃ မှ*

ထို့အပြင် ယခုသင်တန်းတွင် တွေ့ဆုံခဲ့ရသည့် တိုင်းရင်းသားညီနောင်အချင်းချင်း ချစ်ခင်ရင်းနှီးမှုများကိုအခြေတည်ပြီး နောင်တစ်ချိန်တွင် ဝိုင်းဝန်းဆောင်ရွက်ကြရမည့် တိုင်းပြည်တည်ဆောက်ရေးလုပ်ငန်းတာဝန်များကို လက်တွဲညီညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

သင်တန်းကာလ ရက်သတ္တပတ် လေးပတ်တာအတွင်း၌ သိသင့်သိထိုက်သည့် ရေကြောင်း၊ လေကြောင်းပညာရပ်များအပြင် အခြေခံစစ်ပညာဖြစ်သည့် စစ်ရေးပြဘာသာရပ်များကိုပါ လေ့ကျင့်သင်ကြားခဲ့ကြပြီးဖြစ်ကြောင်း၊ စစ်ရေးပြဘာသာရပ်သည် အမိန့်နာခံတတ်ခြင်း၊ စည်းကမ်းကောင်းခြင်းနှင့် အချင်းချင်း ပူးပေါင်းဆောင်ရွက်တတ်ခြင်းတို့ကို ဖြစ်ပေါ်စေခြင်းကြောင့် ယခုကဲ့သို့ သင်တန်းများတွင် ထည့်သွင်းသင်ကြားပေးရခြင်းဖြစ်ကြောင်း၊ ထို့အပြင် **"နိုင်ငံတော်ရဲ့လွတ်လပ်ရေးကြိုးပမ်းမှုနှင့် တပ်မတော်သမိုင်း"** ကိုပါ ပို့ချပေးခဲ့ခြင်းကြောင့် သမိုင်းကြောင်းအမှန်များကိုသိရှိပြီး တိုင်းချစ်ပြည်ချစ်စိတ်များ ထက်သန်ကာ တိုင်းပြည်၏ ဂုဏ်ကိုမြှင့်တင်ပေးလိုသည့်သူ၊ အမျိုးဂုဏ်ဇာတိဂုဏ်ကို စောင့်ထိန်းလိုသူများဖြစ်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာပြည့်ဝနှလုံးလှသည့် လူငယ်များ၏ အားကသာလျှင် နိုင်ငံတော်ကို ကောင်းကျိုးအဖြာဖြာ ဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

## အလေးထားဆောင်ရွက်ပေးနေ

ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ခြင်းလုပ်ငန်းများကို အလေးထားဆောင်ရွက်နေသည့်အပြင် ထူးချွန်ထက်မြက်သည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း အနာဂတ်နိုင်ငံတော်အရေး မျှော်မှန်းပြီး ပြည်ပနိုင်ငံများမှာ ပညာတော်သင်များအဖြစ် စေလွှတ်လျက်ရှိကြောင်း၊ **"နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး"** ဟူသည့်အချက်ကို လူမှုရေးဦးတည်ချက်၌ ချမှတ်ထားပြီး လူငယ်များ၏ပညာရေး၊ လူမှုရေး၊ အမျိုးသားရေး၊ စာရိတ္တမဏ္ဍိုင်မြင့်မားရေးလုပ်ငန်းများကို မိမိတို့နိုင်ငံတော်တာဝန်ယူထားချိန်မှစပြီး အလေးထားဆောင်ရွက်ပေးနေသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စစ်မှန်သည့် တိုင်းပြည်ချစ်စိတ်များနှင့်အတူ ကိုယ်စီရှိထားသည့် ကိုယ်ကျင့်စာရိတ္တကောင်းများကို မပျောက်ပျက်စေဘဲ မြင့်သထက်မြင့်အောင် ကြိုးစားသွားကြရန်လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံတော်ကြီးသည် လူသားအရင်းအမြစ်ကောင်းများ၏ အားများနှင့် အနာဂတ်ကာလတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။

နွေရာသီအားလပ်ရက်များကို အကျိုးမဲ့မဖြစ်စေဘဲ ယခုကဲ့သို့ သင်တန်းတက်ရောက်ခဲ့ခြင်းကြောင့် ရရှိသည့် တိုင်းရင်းသားညီအစ်ကိုမောင်နှမအချင်းချင်း ခင်မင်ရင်းနှီးမှုများကို ဆက်လက်ထိန်းသိမ်းပြီး ပြည်ထောင်စုစိတ်ဓာတ်ကို မွေးမြူသွားကြရန်၊ မှန်ကန်သည့်အသိအမြင်များရရှိရန် စာကောင်းပေမွန်များကိုဖတ်ရှုပြီး မိဘဆရာသမားများ၏ ပြောဆိုဆုံးမမှုများအတိုင်း လိုက်နာနေထိုင်သွားကြရန်၊ မိမိတို့နေထိုင်ရာ နိုင်ငံတော်အပေါ်တွင် သစ္စာစောင့်သိပြီး သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များနှင့် နောင်တစ်ချိန်တွင် တိုင်းပြည်က အားကိုးအားထားပြုရမည့် သားကောင်း၊ သမီးကောင်း ရတနာများဖြစ်အောင် ဆက်လက်ကြိုးစားသွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များအတွက် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး လူငယ်မောင်မယ်များက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် ရေကြောင်းလူငယ်သင်တန်းမှ မနန်းစုစန္ဒီအောင်နှင့် လေကြောင်းလူငယ်သင်တန်းမှ မသဉ္ဇာနိုင်တို့က အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ် သင်တန်းအမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့် တန်းမြင့်လေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄)တို့တွင် တက်ရောက်သင်ကြားခဲ့ရသည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာ အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် ဗဟုသုတများနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားကြသည်။ ထို့နောက် ယခုကဲ့သို့ နွေရာသီကျောင်းပိတ်ရက်ကာလတွင် မိမိတို့၏ ကိုယ်ပိုင်အချိန်များကို အကျိုးမဲ့မဖြစ်စေဘဲ အနာဂတ်နိုင်ငံတော်အတွက် အကျိုးဖြစ်ထွန်းစေမည့် ရေကြောင်း၊ လေကြောင်းဆိုင်ရာ ပညာရပ်များကို တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ကြည်ရင်းနှီးစွာ အတူတကွတွေ့ဆုံ၍ သင်တန်းတက်ရောက်သင်ကြားခွင့်ရခဲ့သည့်အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တာဝန်ရှိသူများအားလုံးကို မိမိတို့လူငယ်မောင်မယ်များကိုယ်စား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း၊ ယခုသင်တန်းများသည် မိမိတို့လူငယ်မောင်မယ်များအား အချင်းချင်းစည်းလုံးညီညွတ်စွာ စုပေါင်းဆောင်ရွက်တတ်သည့် အလေ့အကျင့်များရရှိစေပြီး အမျိုးသားညီညွတ်ရေးအသိ၊ အမျိုးသားညီညွတ်ရေးသတိနှင့် အမျိုးသားညီညွတ်ရေးတန်ဖိုးဟူသည့် အသိပညာများကိုလည်း လက်တွေ့သိမြင်ခွင့်ရခဲ့သောကြောင့် အမိနိုင်ငံတော်ကြီး၏ အနာဂတ်အတွက် လေးနက်ပြည့်ဝသည့် ပြည်ထောင်စုသွေး၊ ပြည်ထောင်စုစိတ်ဓာတ်များ ထက်သန်စီးဆင်းဖြစ်ပေါ်ခဲ့ရသည့်အတွက် နိုင်ငံတော်နှင့် မိမိတို့လူငယ်မောင်မယ်များအတွက် တန်ဖိုးကြီးမားပြီး အဓိပ္ပာယ်ရှိသည့် သင်တန်းများပင်ဖြစ်ပါကြောင်း၊ မိမိတို့အနာဂတ်လူငယ်မောင်မယ်များအနေဖြင့် နိုင်ငံတော်က အားထားရသည့် ရေကြောင်းဆိုင်ရာပညာရှင်များ၊ လေကြောင်းဆိုင်ရာ ပညာရှင်များ၊ နိုင်ငံတော်အကျိုးစီးပွားအတွက် ထိရောက်စွာ စွမ်းဆောင်ပေးနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်အောင် အစဉ်ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်းနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးတွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အဖြစ် ပါဝင်နိုင်ရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားသည်။



အခြေခံနှင့်တန်းမြင့် ရေကြောင်းလူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့် တန်းမြင့် လေကြောင်း လူငယ်သင်တန်း အမှတ်စဉ် (၁/၂၀၂၄)မှ သင်တန်းသား၊ သင်တန်းသူများ ခင်းကျင်းပြသထားသည်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာစဉ်။


ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရေကြောင်းနှင့် လေကြောင်းလူငယ်မောင်မယ်များကို လက်ဖက်ရည်ဝိုင်းဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး မြဝတီတေးဂီတအဖွဲ့က တေးသီချင်းများဖြင့် ဂုဏ်ပြုဖျော်ဖြေကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခြေခံနှင့် တန်းမြင့်ရေကြောင်းလူငယ်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) နှင့် အခြေခံနှင့် တန်းမြင့် လေကြောင်းလူငယ် သင်တန်း အမှတ်စဉ် (၁/၂၀၂၄) မှ သင်တန်းသား၊ သင်တန်းသူများနှင့် အုပ်ချုပ်သူနည်းပြများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

## စိတ်ပါဝင်စားစွာလှည့်လည်ကြည့်ရှု

ရေကြောင်းနှင့် လေကြောင်း လူငယ်မောင်မယ်များသည် ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားသို့ မတက်ရောက်မီ ဇေယျာသီရိဗိမာန်အတွင်း ခင်းကျင်းပြသထားသော မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ)တွင် ဝတ်ဆင်အသုံးပြုနေသည့် ဝတ်စုံအမျိုးမျိုး၊ မြန်မာ့တပ်မတော်မှ ထုတ်လုပ်သည့် ဆက်သွယ်ရေးစက်ပစ္စည်းများ၊ တပ်မတော်(ရေ)မှထုတ်လုပ်သည့် ရေယာဉ်များ၏ပုံစံငယ်များ၊ ရေတပ်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ၊ တပ်မတော် (လေ) တွင် အသုံးပြုနေသည့် လေယာဉ်နှင့် ရဟတ်ယာဉ်များ၏ ပုံစံငယ်များ၊ လေသူရဲများ၏ ဝတ်စုံများနှင့်အသုံးအဆောင်ပစ္စည်းများ၊ Simulator ဖြင့် လေယာဉ်ပျံသန်းမှုသရုပ်ပြကွက်များကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက သိရှိလိုသည်များကို ရှင်းလင်းပြသခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





# ကဆုန်လပြည့် ဗုဒ္ဓနေ့ သီတဂူမေတ္တာဆုတောင်း

၁။ ဒုက္ခပတ္တာ စ နိဒ္ဒုက္ခာ --- ဟောန္တု သဗ္ဗေပိ ပါဏိနော၊

May all beings in suffering be free from suffering.

**ကမ္ဘာတစ်ဝန်းလုံးမှ ဆင်းရဲဒုက္ခရောက်နေကြသော သတ္တဝါအားလုံးတို့သည် ဆင်းရဲဒုက္ခမှ အားလုံးလွတ်မြောက် ကြပါစေကုန်သတည်း။**

၂။ ဘယပ္ပတ္တာ စ နိဗ္ဘယာ --- ဟောန္တု သဗ္ဗေပိ ပါဏိနော၊

May all beings in danger be free from danger.

**ကမ္ဘာတစ်ဝန်းလုံးမှ ဘေးရန်အမျိုးမျိုးကျရောက်နေကြကုန်သော သတ္တဝါအပေါင်းတို့သည် ဘေးရန်အပေါင်းတို့မှ အားလုံးလွတ်မြောက် ကြပါစေကုန်သတည်း။**

၃။ သောကပတ္တာ စ နိသောကာ --- ဟောန္တု သဗ္ဗေပိ ပါဏိနော၊

May all beings in sorrow be free from sorrow.

**ကမ္ဘာတစ်ဝန်းလုံးမှ စိုးရိမ်ပူဆွေးခြင်းသို့ ရောက်ရှိနေကြကုန်သော သတ္တဝါအားလုံးတို့သည် စိုးရိမ်ပူဆွေးခြင်းမှ အားလုံးလွတ်မြောက် ကြပါစေကုန်သတည်း။**

**မြတ်ဗုဒ္ဓ** ကွယ်လွန်ခဲ့သည်မှာ နှစ်ပေါင်း ၂၅၆၈ နှစ်ရှိခဲ့သော်လည်း **မြတ်ဗုဒ္ဓ** ညို့ထွန်းထားခဲ့သည့် "**ဓမ္မဒီပိကာ**" **ဓမ္မဆီမီးတိုင်**သည် အာရုတိုက်မှာသာမက၊ ကမ္ဘာတစ်ခုလုံး လင်းလင်းတောက်လျက် ကျွန်ုပ်တို့လျှောက်ရမည့် ငြိမ်းချမ်းရေးလမ်းကြောင်းကို ကောင်းကောင်းညွှန်ပြ၊ ထွန်းလင်းတောက်ပလျက်ရှိနေပါသေးသည်။ ကမ္ဘာသူ/ကမ္ဘာသားအားလုံး ဤ "**ဝိဇ္ဇာနှင့်စရဏ**" Wisdom and Character ဟူသော Common Highway ပေါ်မှာ လက်တွဲ၍ ငြိမ်းချမ်းစွာ အတူလျှောက်လှမ်းနိုင်ကြပါစေ ကုန်သတည်း။

**သီတဂူစန်းလပမာချမ်းမြသာယာရှိကြပါစေ**



**သီတဂူဆရာတော် အရှင်ဉာဏိဿရ**
နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယသံဃရာဇာ
အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ
သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် ဆေးရုံတော်များ၏အဓိပတိ
၂၅၆၈ နှစ်မြောက် ကဆုန်လပြည့်ဗုဒ္ဓနေ့ (၂၂.၅.၂၀၂၄)

## သတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**
**၂၀၂၄ ခုနှစ်၊ မေလ ၂၁ ရက်**

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် **ပြည်ထောင်စုတိုးတက်ဖွံ့ဖြိုးရေးပါတီ (Union Development Party)** ၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် စုံညီအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၄) ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် ပါတီဆက်လက် တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**
**လျှပ်စစ်ကိုချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။**



## အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် မေ ၂၁**

အမျိုးသားလုံခြုံရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်သည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E. Mr. Abhay Thakur ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးဧည့်တွေ့ဆောင်၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံအကြား ဆောင်ရွက်လျက်ရှိသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာစီမံကိန်းများ တိုးမြှင့်ဆောင်ရွက်သွားရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်သွားရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ နှစ်ဖက်အပြန်အလှန်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် အိန္ဒိယနိုင်ငံသံရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွက် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များ တင်ပြခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် မေ ၂၁**

အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့အထိမ်းအမှတ်နှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများအတွက် အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များ တင်ပြခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် သစ်တောဦးစီးရုံးချုပ် အင်ကြင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အရာထမ်း၊ အမှုထမ်းများ၊ သဘာဝထိန်းသိမ်းရေး နယ်မြေအုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။




ဦးစွာ ဒုတိယဝန်ကြီး ဦးမင်းသူက ၁၉၉၃ ခုနှစ်တွင် စတင်ကျင်းပခဲ့သော ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း (Convention on Biodiversity–CBD) အစည်းအဝေးတွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးဆိုင်ရာကိစ္စများကို ပိုမိုနားလည်သဘောပေါက်စေရန်နှင့်သတိပြုမိစေရန်ရည်ရွယ်၍ နှစ်စဉ် မေ ၂၂ ရက်ကို အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့ ဆောင်ပုဒ်အဖြစ် "Be part of the Plan: ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေး လူတိုင်းပါဝင်ဆောင်ရွက်ပေး" ဟုသတ်မှတ်၍ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းကို ရပ်တန့်စေရန်အတွက် ဆက်စပ်ပတ်သက်သူအားလုံး ပူးပေါင်းပါဝင်လာစေရန် တွန်းအားပေးဆောင်ရွက်မည်ဖြစ်ကြောင်း၊

သစ်တောအုပ်ချုပ်လုပ်ကိုင်မှု စီမံကိန်းများရေးဆွဲခြင်းသည် သစ်တောဦးစီးဌာန၏ အဓိကအရေးကြီးလုပ်ငန်းဖြစ်သလို ဇီဝမျိုးစုံမျိုးကွဲများ ရေရှည်တည်တံ့စေရန် သဘာဝထိန်းသိမ်းရေးနယ်မြေများကို အုပ်ချုပ်လုပ်ကိုင်မှုစီမံချက် ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံအဆင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ မဟာဗျူဟာနှင့် လုပ်ငန်းစီမံချက် ၂၀၁၅ - ၂၀၂၀ ကို ရေးဆွဲထားပြီးဖြစ်၍ စီမံချက်နှင့်အညီ အုပ်ချုပ်လုပ်ကိုင်မှုစီမံချက်များရေးဆွဲဆောင်ရွက်ရေး၊ ၂၀၁၉-၂၀၂၀ ခုနှစ်မှ ၂၀၂၈ - ၂၀၂၉ ခုနှစ်အထိ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသော တောရိုင်းတိရစ္ဆာန်များအတွက် နေရင်းဒေသ ပြန်လည်တည်ထောင်ခြင်း စီမံချက်ပါလုပ်ငန်းများကို အောင်မြင်အောင် တွန်းအားပေးဆောင်ရွက်ရေးနှင့် ဒေသခံပြည်သူများ၏ အခြေခံစားဝတ်နေရေးအတွက် ကြားခံနယ်မြေစီမံအုပ်ချုပ်ခြင်းအစီအမံကို ဒေသခံများ သိရှိနားလည်ပြီး ပူးပေါင်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က "Biodiversity Convention : Be part of the Plan" ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာ ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနေ့အထိမ်းအမှတ် ဗီဒီယိုပြသပြီး တက်ရောက်လာသူများသည် ခင်းကျင်းပြသထားသော ပိုစတာများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

## ဖျာပုံမြို့၌ ၂၀၂၄ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးပေးလျက်ရှိ

**ဖျာပုံ မေ ၂၁**

ဖျာပုံခရိုင်မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အချိန်စေ့ကြွေးကျန်အားလုံး ပြေကျေပြီးသူတောင်သူများအား ၂၀၂၄ မိုးရာသီ စိုက်ပျိုးစရိတ်ချေးငွေကို ယမန်နေ့ နံနက်ပိုင်းတွင် အဆိုပါ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၌ စတင်ထုတ်ချေးပေးလျက်ရှိသည်။ **(ယာပုံ)**

မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ စတင်ထုတ်ချေးပေးရာတွင် ဖျာပုံခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ခရိုင်မန်နေဂျာ ဦးခင်မောင်ဝင်းကမြို့နယ်အတွင်းရှိတောင်သူများအနေဖြင့် အချိန်စေ့ကြွေးကျန်အားလုံး ပြေကျေဆပ်ကြရန်နှင့် ကြွေးကျန်တောင်သူများအနေဖြင့် ရုံးဖွင့်ရက်များတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ပေးသွင်းရန် ကျန်ရှိနေသော စိုက်ပျိုးစရိတ်ချေးငွေများအား ပြေကျေပေးဆပ်ကြရန်တောင်သူများကို ဆွေးနွေးပြောကြားပြီး ၂၀၂၄ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ အချိန်စေ့ကြွေးကျန်အားလုံးပြေကျေပြီးသူ မြို့နယ်အတွင်းရှိ တောင်သူများအား ၂၀၂၄ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေအဖြစ် တစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် အများဆုံးတစ်ဦးလျှင် ၁၀ ဧကအထိ ထုတ်ချေးပေးမည်ဖြစ်ပြီး ဘန်ဘွေးစုကျေးရွာမှ တောင်သူ ၂၄ ဦး၊ လယ်မြေ ၂၁၂ ဧကအတွက် ငွေကျပ် ၃၁၈ သိန်းအား စတင်ထုတ်ချေးပေးလျက်ရှိကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**



# ကဆုန်လပြည့်(ဗုဒ္ဓနေ့)တွင် မန္တလေးမြို့ လေးပြင်လေးရပ်ရှိ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူခြင်းအခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများအား ကြည့်ရှုစစ်ဆေး



**မန္တလေး မေ ၂၁**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့သည် ကဆုန်လပြည့် (ဗုဒ္ဓနေ့) တွင် မန္တလေးမြို့လေးပြင်လေးရပ်ရှိ သံဃာတော် ၁၀၂၇၂ ပါးအား ဆွမ်း၊ ဆွမ်းဟင်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လောင်းလှူခြင်း အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ယနေ့နံနက်ပိုင်းက လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့လိုက်လံကြည့်ရှုရာတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံးတောင်ဘက် (တောင်ပြင်) ၂၆ လမ်းအတိုင်း၊ ကျုံးအနောက်ဘက် (နောက်ပြင်) လမ်း ၈၀ အတိုင်း၊ ကျုံးမြောက်ဘက် (မြောက်ပြင်) ၁၂ လမ်းအတိုင်း၊ ကျုံးအရှေ့ဘက် (အရှေ့ပြင်) ၆၆ လမ်းအတိုင်း အခမ်းအနားအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ အလှူရှင်များက သာသနာတော်နှစ် ၂၅၆၇ နှစ်ပြည့်ပြီး ၂၅၆၈ နှစ်သို့ ကူးပြောင်းရောက်ရှိမှုအထိမ်းအမှတ်နှင့် နိုင်ငံသူ နိုင်ငံသားများ ဘေးအန္တရာယ်ကင်းရှင်းစေရန် ရည်ရွယ်၍ ကဆုန်လပြည့် (ဗုဒ္ဓနေ့) နေ့ထူးနေ့မြတ်အခါသမယတွင် မန္တလေးမြို့လေးပြင် လေးရပ်ရှိ ဆရာတော်၊ သံဃာတော် ၁၀၂၇၂ ပါးတို့အား ဆွမ်း၊ ဆွမ်းဟင်း၊ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ် ပစ္စည်းများ လောင်းလှူပွဲအခမ်းအနားကို နံနက် ၆ နာရီမှ စတင်၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး(အနောက်ခြမ်း) စိုက်ပျိုးရေးကဏ္ဍဘက်စုံမြှင့်တင်နိုင်ရေး ကွင်းဆင်းကြည့်ရှုဖြည့်ဆည်းဆောင်ရွက်ပေး

**ပဲခူး မေ ၂၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး (အနောက်ခြမ်း) စိုက်ပျိုးရေးကဏ္ဍ ဘက်စုံမြှင့်တင်နိုင်ရေး ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပြည်ခရိုင် ရွှေတောင်မြို့နယ် ဝါးတောကျေးရွာအုပ်စု၌ တစ်ကွင်းတစ်ဆက်တည်း မြေဧရိယာ ၁၃၅ ဧက နွေနှမ်းဆင်းရတနာ(၃) အထူးဇုန်စိုက်ခင်း အောင်မြင် ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှု အားပေးခဲ့ပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသကြက် မွေးမြူရေးနှင့် နို့စားနွားမွေးမြူနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကာ တစ်နှစ်နှစ်သီးစိုက်ကေများတွင် တစ်နှစ်သုံးသီး သီးထပ်စွမ်းအား တိုးတက်စေရေးအတွက် ဆည်ကြီးကုန်းရေပိုလွှဲပြုပြင်ခြင်း၊ ရေထုတ်ပြွန်အဆင့်မြှင့်တင်ခြင်းနှင့် ရေပေးမြောင်းအရှည်ပေ ၇၅၀၀ ပြန်လည်တူးဖော်ခြင်းတို့ကို ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ် ကြူတောကန် ကျေးရွာအုပ်စု၌ YSR–1(Yezin Super Rice) စံပြမျိုးစေ့ထုတ်စိုက်ခင်းသို့သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ယခုစိုက်ပျိုးသည့် YSR – 1 သည် တစ်ဧကတင်း ၁၄၀ မှ ၁၅၀ အထိ ထွက်ရှိခြင်း၊ စားသုံးမှုကောင်းမွန်ခြင်း၊ ဆန်သားကြည်၍ ဆန်လုံးရှည်သွယ်ခြင်း၊ ကုပ်ကျိုးရောဂါဒဏ်ခံနိုင်ခြင်း၊ ဖြုတ်ညိုပိုးဒဏ်ခံနိုင်ခြင်း၊ မြေဩဇာတုံ့ပြန်မှုကောင်းမွန်ခြင်းနှင့် ပြည်တွင်း / ပြည်ပဈေးကွက်ဝင်သဖြင့် ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးနိုင်ရေး အသိပညာပေး ပြောကြားခဲ့ကာ မိုးစပါးစိုက်ရာသီတွင် မျိုးစပါး လုံလောက်မှုရှိစေရေး တာဝန်ရှိသူများနှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပေါင်းတည်မြို့နယ် နတ်ပုတီးကျေးရွာအုပ်စု၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် အောင်မြင်စွာ လုပ်ငန်းဆောင်ရွက်လျက်ရှိသော ဦးဝင်းမြင့်သိန်း၏ သပြေအထူးချုပ် ဖိနပ်အလုပ်ရုံသို့ သွားရောက်ကြည့်ရှု အားပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် နတ်တလင်းမြို့နယ် ရွာသာကျေးရွာရှိ ဦးကျော်မင်းထွန်း၏ မင်းခန့်ကျော် ခြွေလှေ့စက်အမျိုးမျိုး ထုတ်လုပ်ရေး အလုပ်ရုံသို့ သွားရောက်ကြည့်ရှု အားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် လင်းလွန်ပင်ကျေးရွာ၌ တိုင်းဒေသကြီး အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် Mobile Solar ရေတင်စနစ်ဖြင့် စားဖိုဆောင်သီးနှံ တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀ စိုက်ပျိုး အောင်မြင်ဖြစ်ထွန်းနေမှုနှင့် မင်းလှမြို့ ရွှေဝါမြိုင်သစ်တောပျိုးဥယျာဉ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် မိုးရာသီတစ်အုပ်တစ်မသစ်ပင် စိုက်ပျိုးနိုင်ရေး အရိပ်ရသီးပင်စားပင် အပင်ရေ ငါးသိန်းကျော် ပျိုးထောင်ထားရှိမှုနှင့် ရိုဘက်စတာကော်ဖီ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်ဖြစ်လာသည့် ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်တွင် ဘူမိဥယျာဉ်အခြေပြု ခရီးသွားဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်ရန် စီစဉ်နေ

**ရန်ကုန် မေ ၂၁**

မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ်ဖြစ်လာသည့် ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်တွင် ဘူမိဥယျာဉ်အခြေပြု ခရီးသွားဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရန်အတွက် စီစဉ်နေကြောင်း မဟာဂီရိ Community Base Geotourism Services မှ ကိုတင်ကိုမင်းက ပြောသည်။

ပုပ္ပားတောင် အမျိုးသားဘူမိဥယျာဉ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၀ ရက်ကပြုလုပ်ခဲ့ပြီး ပုပ္ပားတောင်အမျိုးသားဘူမိဥယျာဉ်ကို ဘူမိနယ်မြေ ၁၅ ခုနှင့်ဖွဲ့စည်းထားကာ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအနေဖြင့် သဘာဝသယံဇာတအမွေအနှစ်များကို ရေရှည်တည်တံ့စေရန် ဇီဝမျိုးစုံမျိုးကွဲများ၊



မြန်မာ့ပထမဆုံး အမျိုးသားဘူမိဥယျာဉ် ဖြစ်လာသည့် ပုပ္ပားတောင်မကြီးအား အဝေးမှ မြင်တွေ့ရပုံ။

ဂေဟစနစ်နှင့် ထူးခြားသောဘူမိသွင်ပြင်များကို သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ်သတ်မှတ်ပြီး ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။ “ကျွန်တော်တို့ရုံးဖွင့်ထားတာကလည်း ပုပ္ပားတောင်မကြီးအခြေတောဇချောင်းရွာမှာပဲ ဖွင့်ထားတာပါ။ Base camp လည်း အဲဒီမှာပဲ ဖွင့်ထားတာပါ။ ထိန်းသိမ်းရေးအနေနဲ့ သွားချင်တာပါ” ဟု ကိုတင်ကိုမင်းက ဆိုသည်။

ဘူမိအခြေပြု ခရီးသွားဝန်ဆောင်မှု လုပ်ငန်းဆောင်ရွက်ရာတွင် မီးတောင်နှင့် ပတ်သက်သော လေ့လာရေးပါမည် ဖြစ်ကာ ဇီဝမျိုးစုံမျိုးကွဲလေ့လာရေးနှင့် ဒေသ့သည်များအား ပြန်လည်မျှဝေခြင်းကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

“ဘူမိဥယျာဉ်အနေနဲ့ လာတာတော့ မဟုတ်သေးဘူး။ တောင်တက်မယ်၊ ညအိပ်မယ်ဆိုတာလောက်ပဲ လာသေးတာပါ။ ကျွန်တော်တို့ကလည်း Package ထုတ်ပြီး မဆွဲရသေးပါဘူး။ ဘူမိဥယျာဉ်နဲ့ပတ်သက်ပြီး သတ်မှတ်ထားတဲ့နေရာတွေကိုလည်း ကွင်းဆင်းပြီး လေ့လာဖို့ ကျန်နေပါသေးတယ်။ အဲဒါတွေ မလုပ်ရသေးပါဘူး”ဟု ကိုတင်ကိုမင်းက ဆိုသည်။

Community အခြေပြုကာ ဆောင်ရွက်သွားမည်ဖြစ်ကာ ရပ်ရွာအတွင်းရှိ လူအများကို စည်းရုံးပြီး ဘူမိဥယျာဉ်အခြေပြု ခရီးသွားဝန်ဆောင်မှုလုပ်ငန်းအတွင်း ပါဝင်နိုင်အောင် ဆောင်ရွက်သွားရန် အတွက်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

Htet Oo Maung

# လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းဆိုင်ရာ တွေ့ဆုံပွဲကျင်းပ

**နေပြည်တော် မေ ၂၁**

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီက ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ရှမ်းပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



**နည်းဗျူဟာများ ချမှတ်နိုင်**

ဦးစွာ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က သန်းခေါင်စာရင်းကောက်ယူခြင်း၏ အဓိကရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ်ရှိရန်နှင့် လိုအပ်သောမူဝါဒများ၊ စီမံကိန်းများ၊ မဟာဗျူဟာနှင့် နည်းဗျူဟာများ ချမှတ်နိုင်ရန် ဖြစ်ပါကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ်၌ရှိမည့် ခန့်မှန်းလူဦးရေ ၅၆ သန်းကျော်နှင့် ခန့်မှန်းအိမ်ထောင်စုအရေအတွက် ၁၃ သန်းခန့်ကို အခြေခံတွက်ချက်ထားရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မြေပြင်ကွင်းဆင်းရေးဆွဲမှုအရ သန်းခေါင်စာရင်းယူနစ် (Census Unit) ၈၀၀၀၀ ခန့်ရှိပြီး စာရင်းကောက်ကွက်ပေါင်း ၁၁၀၀၀၀ ခန့် ရှိမည်ဖြစ်ပါကြောင်း။

**တစ်အိမ်တက်ဆင်း ကောက်ယူမည်**

သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက်စုစုပေါင်း ၄၂၀၀၀ ခန့်ဖြင့် ကောက်ယူဆောင်ရွက်ရန် လျာထားပြီး ရှမ်းပြည်နယ်အနေဖြင့် သန်းခေါင်စာရင်းယူနစ် ၁၈၀၀ ခန့်ကို ကောက်ကွက်ပေါင်း ၁၂၀၀၀ ကျော်ဖြင့် ဖွဲ့စည်း၍ စာရင်းစစ်၊ စာရင်းကောက် ၅၀၀၀ ခန့်ဖြင့် ကောက်ယူရန် လျာထားပါကြောင်း၊ ရှမ်းပြည်နယ်အတွင်းသို့ ကယားပြည်နယ်မှ နေရပ်စွန့်ခွာ ပြည်သူများ ဝင်ရောက်နေထိုင်မှုရှိသည့်အတွက် ၎င်းတို့ကိုကောက်ယူနိုင်ရေးအတွက်လည်း ကြိုတင်စီစဉ်ဆောင်ရွက်ထားရန် လိုအပ်မည် ဖြစ်ပါကြောင်း၊ စာရင်းကောက်ယူရာတွင် တွေ့ရှိရာအရပ်၌ ကောက်ယူသည့်မူ (De Facto) ဖြင့် အသုံးပြု၍ စာရင်းကောက်များက ကွန်ပျူတာအထောက်အကူပြု လူတစ်ဦးချင်းကောက်ယူသည့်စနစ် (Computer Assisted Personal Interviews – CAPI) စနစ်ဖြင့် Tablet များ အသုံးပြု ကောက်ယူဆောင်ရွက်မည် ဖြစ်ပါကြောင်း၊ စာရင်းကောက်ယူခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ ၁၅ ရက်ကြာ ပြည်လုံးကျွတ်အဆင့် ဆောင်ရွက်မည်ဖြစ်ပြီး လုံခြုံရေးအခြေအနေမှလွဲ၍ လမ်းခရီးအခက်အခဲကြောင့် သတ်မှတ်ရက်အတွင်း ကောက်ယူရန် ကျန်ရှိနေပါက ရက်ထပ်မံ တိုးမြှင့်ကောက်ယူနိုင်ရေးအတွက် ကြိုတင်စီစဉ်ဆောင်ရွက် ထားကြရန်လည်း လိုကြောင်း၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်မှာ ၂၀၂၄ ခုနှစ် စက်တင်ဘာ ၃၀ ရက် ညသန်းခေါင်ယံအချိန်ဖြစ်ပြီး အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံ မေးခွန်း ၁၈ ခုကို တစ်အိမ်တက်ဆင်း မေးမြန်းကောက်ယူမည် ဖြစ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ ဒေသများအပါအဝင် နေရာအားလုံးအား ကောက်ယူနိုင်ရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အတွက် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးသည့် လုပ်ငန်းစဉ် တစ်ရပ်ဖြစ်သည်နှင့်အညီ လုပ်ငန်းစဉ်အောင်မြင်ရေး အတွက် အားလုံးကဝိုင်းဝန်းကူညီကြိုးပမ်း ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် ရှမ်းပြည်နယ် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ရှမ်းပြည်နယ်အတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းနှင့်ပတ်သက်၍ ကော်မတီအဆင့်ဆင့်ဖွဲ့စည်းမှု၊ လက်ရှိလုပ်ငန်း ဆောင်ရွက်မှုနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်သူ့အင်အားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက သန်းခေါင်စာရင်းကောက်ယူခြင်းမှ ရရှိနိုင်မည့်အချက်အလက်များ၊ လူဦးရေပြောင်းလဲမှုဖြစ်စဉ်၏ အရေးပါမှု၊ သန်းခေါင်စာရင်း အချက်အလက်များမှ ဖော်ထုတ်ချက်အကျဉ်းချုပ်တို့ကို ရှင်းလင်းဆွေးနွေးတင်ပြပြီး သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့်ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထုအသိပညာပေး TV Spot များကို ပြသသည်။

ဆက်လက်၍ တက်ရောက်လာကြသူများက သန်းခေါင်စာရင်း လုပ်ငန်းစဉ်နှင့်ပတ်သက်၍ သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်စိုးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

**ကြည့်ရှုအားပေး**

ထို့နောက် ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်းပေးအပ်ရာ ရှမ်းပြည်နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဦးစိုင်းသော်ဝင်းက လက်ခံရယူပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်တို့သည် ပြည်လုံးကျွတ် သန်းခေါင်စာရင်းတွင် အသုံးပြုမည့်ပစ္စည်းများ ခင်းကျင်းပြသလာမှုကို ကြည့်ရှုအားပေးကာ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော် မုန်တိုင်းမိုးများကြောင့် ဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးသည့် နှမ်းနှင့်အခြားသီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၂၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများသည် ယမန်နေ့ ညနေပိုင်းက နေပြည်တော်ကောင်စီနယ်မြေ အတွင်း စိုက်ပျိုးပြီးဖြစ်သည့် နှမ်းနှင့် အခြားသီးနှံများ မိုးကြိုရာသီတွင်ဖြစ်ပေါ်တတ်သော မုန်တိုင်းမိုးနှင့် ရာသီဥတုပြောင်းလဲ၍ မိုးသည်းထန်စွာ ရွာသွန်းခြင်းတို့ကြောင့် သီးနှံများပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဒေသခံတောင်သူများ၊ ရေအသုံးချသူများအဖွဲ့ (WUG) နှင့် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ပူးပေါင်း၍ ရေနုတ်မြောင်းများ ရှင်းလင်းတူးဖော်ခြင်း၊ စိုက်ခင်းများအတွင်း စိမ့်မြောင်းပတ်မြောင်းများ တူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးအားပေးကြ သည်။



ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ဘဲကုန်းကျေးရွာတွင် ပေါင်ကြီးတင်စနစ်ကို အသုံးပြု၍ စိုက်ပျိုးထားသော နှမ်းသီးနှံစိုက်စနစ်လေးမျိုး စမ်းသပ်စိုက်ပျိုးခြင်းစံပြကွက်ကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် အေးမြင့်သာယာကျေးရွာ နေရောင်ပြအင်းဘုရားအနီး ယာယီရေထိန်းဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားရှိသောနှမ်းစိုက်ခင်း၊ ဇေယျာသီရိမြို့နယ် သပြေပင်ကျေးရွာ ရေဆင်းဆည်သောက်ဧရိယာ အတွင်း စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ထိခိုက်စေနိုင်သည့် ရေအိုင်ခြင်း ရေဝပ်ခြင်းမဖြစ်ပေါ်စေရန် ရေနုတ်မြောင်းများ ရှင်းလင်းတူးဖော်မှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့နယ် အေလာယာယီရေထိန်းဆည်ရေသောက်ဧရိယာအတွင်း ရေနုတ်မြောင်းရှင်းလင်းတူးဖော်နေမှုနှင့် ကူသပိတ်ကျေးရွာ မဒန်းဆည်ရေသောက်ဧရိယာအတွင်း စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများတွင် ရေမဝပ်စေရန် ရေနုတ်မြောင်းတူးဖော်မှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဒေသခံတောင်သူများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ နှမ်းသီးနှံများစိုက်ပျိုးရာတွင် ရေသွင်း၊ ရေထုတ်သေချာ၍ အထွက်နှုန်းကောင်းမွန်သော ပေါင်ကြီးတင်စနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မိုးကြိုရာသီတွင်ဖြစ်ပေါ်လေ့ရှိသည့် မုန်တိုင်းမိုးများကြောင့် နှမ်းနှင့်အခြားသီးနှံများ ထိခိုက်ပျက်စီးဆုံးရှုံးမှု မရှိစေရေးအတွက် တောင်သူများသို့ ကြိုတင်အသိပေးဆောင်ရွက်ရန်၊ တောင်သူအချင်းချင်း ဆင့်ပွားအသိပေးနှိုးဆော်သွားကြရန်၊ ရေအသုံးချသူများအဖွဲ့ (WUG) နှင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနဝန်ထမ်းများ ပူးပေါင်း၍ ထပ်ဆင့်အသိပေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ချက်များနှင့် ဆောင်ရွက်ထားသည့်အခြေအနေများကို အချိန်နှင့်တစ်ပြေးညီ တင်ပြသွားကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေး မြန်မာ့စီးပွားရေးဘဏ် (၂) တွင် မေလအတွက် အငြိမ်းစားဝန်ထမ်းပင်စင်လစာများ ထုတ်ပေးလျက်ရှိ

**မန္တလေး မေ ၂၁**

မန္တလေးမြန်မာ့စီးပွားရေးဘဏ် (၂)တွင် မေလတွက် အငြိမ်းစားဝန်ထမ်း ပင်စင်လစာငွေများကို မေ ၂၁ ရက်နံနက်ပိုင်းမှစတင်၍ မန္တလေးမြို့ အောင်မြေသာစံမြို့နယ်၂၄လမ်း ၈၃ လမ်းထောင့်ရှိ မြန်မာ့စီးပွားရေးဘဏ် (၂)တွင် ထုတ်ပေးလျက်ရှိသည်။ အငြိမ်းစားဝန်ထမ်းပင်စင် လစာငွေများကို ကြန့်ကြာမှုမရှိစေရန် ထုတ်ရမည့်ကိုရက်ကို ကြိုတင်၍တုံကင်များ ထုတ်ပေးထားသည်။ အငြိမ်းစားဝန်ထမ်းများ ပင်စင်ထုတ်ရာတွင် လွယ်ကူစေရန် မြန်မာ့စီးပွားရေးဘဏ်ခွဲ (၁-၂-၃) အပါအဝင် Centralized e-pension စနစ်ဖြင့် ဆောင်ရွက်နေသည့်ဘဏ်ခွဲများတွင် လွယ်ကူစွာထုတ်ယူရရှိနိုင်ရန် တာဝန်ရှိသူများက စီစဉ်ထားရှိသည်ဟုလည်း သိရသည်။

ခင်ခင်ဝင်း(ပညာရေး)

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်၊**
**စွမ်းအင်လည်းရ၊**
**ပြည်လည်းလှ။**

# ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခုဆွတ်ခူးရရှိခဲ့ပြီး နိုင်ငံ့ဂုဏ်ဆောင်ခဲ့သည့် မြန်မာ့ကာယဗလအားကစားအဖွဲ့အား ရန်ကုန်လေဆိပ်၌ ပြည်သူများ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆို

**ရန်ကုန် မေ ၂၁**

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ မေ ၁၆ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သည့် (၁၈) ကြိမ်မြောက် အရှေ့တောင်အာရှကာယဗလနှင့်ကာယကြံ့ခိုင်မှုအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(ဒုတိယမြို့တော်ဝန်)ဦးညီညီ ဦးဆောင်သောအုပ်ချုပ်သူတစ်ဦး၊ နည်းပြနှစ်ဦး၊ ဒိုင်တစ်ဦးနှင့် အားကစားသမား၁၀ ဦးပါဝင်သော မြန်မာ့ကာယဗလအားကစားအဖွဲ့သည် ရွှေတံဆိပ်သုံးခု၊ ငွေတံဆိပ်သုံးခုဆွတ်ခူးရရှိခဲ့ပြီး ယနေ့ ညနေပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိလာကြသည်။

အဆိုပါအောင်ပွဲရနိုင်ငံ့ဂုဏ်ဆောင်မြန်မာ့ကာယဗလအားကစားအဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီနာယက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ(မြို့တော်ဝန်) ဦးဗိုလ်ဌေး၊ ကော်မတီအတွင်းရေးမှူး ဦးညွန့်ဖေနှင့် ကော်မတီဝင်များ၊ အားကစားနှင့် ကာယပညာဦးစီးဌာနတာဝန်ရှိသူများ၊ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှင့် အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းအုပ်ကြီးများနှင့်ကျောင်းသား ကျောင်းသူများ၊ မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ မိဘဆွေမျိုးများ၊ ပြည်သူများက အိုးစည်ဒိုးပတ်အကများဖြင့် သောင်းသောင်းဖြဖြကြိုဆိုကြသည်။

အဆိုပါအားကစားအဖွဲ့တွင် အဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်သန်း (အုပ်ချုပ်သူ)၊ ဒေါ်ရီရီဝင်း(နည်းပြ)၊ ဦးဇော်ဝင်းအောင်(နည်းပြ)၊ ဦးအောင်နိုင်(ဒိုင်)၊ ကာယဗလအားကစားသမားများဖြစ်ကြသည့် ကာယဗလ ၆၀ ကီလိုတန်း၌ ထွန်းမင်းနိုင်၊ ၆၅ ကီလိုတန်း၌ မုန်ဘန်အောင်၊ ၇၀ ကီလိုတန်း၌ နိုင်မင်းသိမ်း၊ ၇၅ ကီလိုတန်း၌ အောင်မင်းဦး၊ ၇၅ အထက်ကီလိုတန်း၌ မျိုးနိုင်ထွန်း၊ Men's Athletic. Physique. up to 175 cm + 6kg တန်း၌ ကိုကိုကျော်ဖြိုး၊ Men's Sports Physique up to 170 cm –2 kg တန်း၌ သန်းထိုက်ဦး၊ Women's Athletic Physique တန်း၌ သဲဝါ၊ Women's Model Physique up to 160 cm တန်း၌ ခင်နီလာစိုးနှင့် Women's Model Physique over 165 cm တန်း၌ ဖူးဖူးသန့်တို့ ပြန်လည်လိုက်ပါလာကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**



# ရန်ကုန်တိုင်းဒေသကြီး၌ နွေစပါးစိုက်ဧက လျာထားချက်ထက် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်

**ရန်ကုန် မေ ၂၁**

စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် မြန်မာနိုင်ငံတွင် နိုင်ငံတော်မှ စိုက်ပျိုးရေးကဏ္ဍကို ပံ့ပိုးကူညီမှုဖြင့် အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးတောင်သူများအနေဖြင့် စိုက်ဧကများတိုးချဲ့၍ စိုက်ပျိုးခဲ့ကြရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ရှစ်ခရိုင်၌ နွေစပါး ၂၅၀၈၆၉ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။



စပါးစိုက်တောင်သူများအထူးအားထားသည့် နွေစပါးအထွက်နှုန်းအောင်မြင်စေရန် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လိုအပ်သောစိုက်ပျိုးရေကို ဆည်တမံများနှင့် မြစ်ရေတင်စနစ်တို့ဖြင့် ပို့လွှတ်နိုင်ပြီး နွေစပါးအတွက် အောင်ရေပြည့်မီစွာရရှိမှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ ခရိုင် ရှစ်ခရိုင်မှ မြို့နယ်ပေါင်း ၁၅ မြို့နယ်၌ နွေစပါးလျာထားချက်ဧက ၂၀၅၅၅၄ ဧကတွင် ၂၅၀၈၆၉ ဧကအထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ခြင်းဖြစ်သည်။

တောင်သူများ နွေစပါး၊ မိုးစပါးစိုက်ပျိုးနိုင်ရန်နှင့် မျိုးစေ့ထုတ် စိုက်ဧကများအတွက် သွင်းအားစုများ အဆင်ပြေချောမွေ့စေရန် မြန်မာ့ရေနံနှင့်ဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်လျက်ရှိသော ယူရီးယားဓာတ်မြေဩဇာ ၃၄၄၉ တန် ခွဲတန်းရရှိခဲ့ရာ ဇန်နဝါရီလကုန်ပိုင်းအထိ အားလုံးဖြန့်ဖြူးထားသည့်အပြင် လယ်ယာသုံးစက်ကိရိယာအပိုင်းတွင်လည်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် မျိုးစေ့ချကိရိယာ ၅၅၀၀ ကို စက်မှုလယ်ယာဦးစီးဌာနမှ မှာယူဖြန့်ဖြူးခဲ့ကာ ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် မျိုးစေ့ချကိရိယာအလက် ၂၅၀၀ ထပ်မံဖြန့်ဖြူးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်နွေစပါးကို မြို့နယ်ပေါင်း ၁၅ မြို့နယ်မှာ စိုက်တယ်။ နွေစပါးကို တွံတေးနဲ့တိုက်ကြီးမှာ တောင်သူတွေက အများဆုံး စိုက်ပျိုးတာပါ။ နွေစပါးထွက်နှုန်းကောင်းတယ်လို့ဆိုရမယ်။ ကြခင်းနေရာမှာ စိုက်ခင်းပြောင်းပြီး စိုက်တာ၊ စက်ပစ္စည်းကိရိယာကို လက်တွေ့ကျကျ အသုံးပြုတာ၊ စနစ်တကျစိုက်ပျိုးမှု၊ မြေဩဇာကို စနစ်တကျ သုံးစွဲတတ်မှုနဲ့ တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ကြပ်မတ်ဆောင်ရွက်မှုတို့ကြောင့် နွေစပါးအတွက်နှုန်းကောင်း လာတယ်လို့ဆိုရမှာပါ။ နွေစပါးပြီးတဲ့ လယ်တွေဆိုရင် မိုးစပါးဆက်ပြီး စိုက်ပျိုးနိုင်အောင် လယ်ကို ပြုပြင်ခြင်းနဲ့ မိုးစပါးပျိုးခင်းအတွက် လုပ်ဆောင်နေကြပါပြီ။ ဒီနှစ်နွေစပါးလျာထားချက်ဧကထက် ပိုပြီးစိုက်ပျိုးနိုင်တာကို တွေ့ရတော့ ဝမ်းသာပီတိဖြစ်ရပါတယ်။ အထူးသဖြင့် တောင်သူတွေ နွေစပါးမှာ ဝင်ငွေရသလို တစ်ဆက်တည်းစိုက်ပျိုးတဲ့ မိုးစပါးမှာလည်း ဝင်ငွေရမှာဖြစ်တဲ့အတွက် စိုက်ပျိုးတောင်သူတွေရဲ့ လူမှုဘဝဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူ ဖြစ်စေတာကြောင့် ပိုပြီးဝမ်းသာကြည်နူးဖြစ်ရပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်လှကြည်က ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေစီမံကိန်းဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် နွေစပါးသီးနှံနှင့် ပဲတီစိမ်းသီးနှံတို့ကို စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၃-၂၀၂၄ ခုနှစ် မိုးစပါးရာသီတွင်လည်း ပိုမိုစိုက်ပျိုးထွက်ရှိနိုင်ရန် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် တောင်သူများနှင့် တွေ့ဆုံဆွေးနွေး၍ စီမံကိန်းလုပ်ငန်းစဉ်များကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးမှုတွင် ၂၅၀၈၆၉ ဧကအထိ တိုးချဲ့စိုက်ပျိုးခဲ့ရာ ၂၃၀၆၁၂ ဧက ရိတ်သိမ်းနိုင်ခဲ့ပြီး စိုက်ပျိုးမှုနောက်ကျသော နွေစပါးခင်းအချို့မှာလည်း ဆက်လက်ရိတ်သိမ်းလျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် မိုးစပါးကို မေလကုန်နှင့်ဇွန်လတို့တွင် စတင်စိုက်ပျိုးလေ့ရှိပြီး အောက်တိုဘာလကုန်ပိုင်းမှ ဇန်နဝါရီလဆန်းအထိ ရိတ်သိမ်းလေ့ရှိကြောင်း၊ တောင်သူများ အထူးအားထားသည့် နွေစပါးကို နိုဝင်ဘာလနှင့် ဒီဇင်ဘာလတို့တွင် စတင်စိုက်ပျိုးလေ့ရှိပြီး ဧပြီလမှ မေလကုန်အထိ ရိတ်သိမ်းလေ့ရှိကြောင်း သိရသည်။

**ဓာတ်ပုံ - ကနုး**
**ညိမ်းသူ(သတင်းစဉ်)**

# တောင်ကြီးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေး

**တောင်ကြီး မေ ၂၁**

ရှမ်းပြည်နယ် တောင်ကြီးမြို့၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် တောင်ကြီးခရိုင်ဘဏ်ခွဲမှ မိုးရာသီစိုက်ပျိုးတောင်သူများအား ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေများ စတင်ထုတ်ချေးခြင်းကို ယမန်နေ့က တောင်ကြီးခရိုင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၌ ဆောင်ရွက်သည်။



အခမ်းအနားတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရှမ်းပြည်နယ်ဘဏ်ခွဲမှ ပြည်နယ်မန်နေဂျာ ဒေါ်ယဉ်နွဲ့က အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်ဘဏ်ခွဲမှ မန်နေဂျာ ဦးကျော်လွင်က မိုးရာသီစိုက်ပျိုးစရိတ်ထုတ်ချေးပေးမှုအခြေအနေနှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်မန်နေဂျာနှင့် ခရိုင်မန်နေဂျာတို့က စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှုန်း၊ ပြောင်းတစ်ဧကလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်းဖြင့် တောင်ကြီးမြို့နယ် နမ့်ဆီးကျေးရွာအုပ်စုမှ စပါး ၇၇ ဧက၊ ပြောင်း ၁၅၃ ဧက၊ တောင်သူ ၃၈ ဦးအတွက် စိုက်ပျိုးစရိတ် ချေးငွေကျပ် ၂၆၈၅၀၀၀၀၊ ရွှေညောင်ကျေးရွာအုပ်စုမှ စပါး ၈၈ ဧက၊ တောင်သူ ၁၄ ဦးအတွက် စိုက်ပျိုးစရိတ်ချေး ငွေကျပ် ၁၃၂၀၀၀၀၀ စုစုပေါင်း စိုက်ပျိုးစရိတ်ချေးငွေကျပ် ၄၀၀၅၀၀၀၀ ကို တောင်သူလက်ဝယ်ထံအရောက်ထုတ်ချေးပေးခဲ့ကြောင်းနှင့် တောင်သူ ၃၆ ဦးက မိုးစပါးစိုက်ပျိုးဧက ၁၀၀ အတွက် သီးနှံအာမခံထားရှိခဲ့ကြောင်း သိရသည်။

**ဇော်ဘီ**



**ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၌ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူများအား ၂၀၂၄ ခုနှစ် မိုးရာသီသီးနှံ စိုက်ပျိုးစရိတ်ချေးငွေကို မေ ၂၀ ရက်က စတင်၍ ထုတ်ချေးပေးစဉ်။**
(ထိုသို့ထုတ်ချေးရာတွင် မြို့ချောင်းကျေးရွာအုပ်စုမှ တောင်သူ ၁၂၅ ဦးအား လယ်ဧက ၇၆၇ ဧကအတွက် ငွေကျပ်သိန်း ၁၁၅၀၅၀၀၀၀ ကို ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။) မြို့နယ်(ပြန်/ဆက်)

# အနာဂတ်ကိုမြော်တွေး အားလုံးကျောင်းနေနိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြပါစို့

ကိုလူလှ

လူ့ဘောင်လောကတွင် ကလေးသူငယ် ငယ်ရွယ်သူများသည် အမှား၊ အမှန်၊ အကောင်း၊ အဆိုး၊ အသိပညာဗဟုသုတများ မရှိကြသေးပေ။ လက်ဦးဆရာ မိဘဆရာသမားများ၏ သွန်သင်ညွှန်ပြမှုများဖြင့် လူလားမြောက်ကြရသည်။ တစ်နည်းဆိုလျှင် အသိပညာတိုးလာစေရန် ကျောင်းတက်ပညာရှာကြရသည်။ ပညာကိုပြီးဆုံးအောင် အပတ်တကုတ် သင်ယူကြိုးပမ်းအားထုတ်လျှင် အားထုတ်သလောက် ထူးချွန်ထက်မြက်သူများ ဖြစ်လာကြသည်။ ပညာသင်ကြားမှုပြီးဆုံးသည့်အခါ မိမိကိုယ်ပိုင် ရပ်တည်နိုင်သောစွမ်းရည်၊ မိမိကိုယ်တိုင် ထိန်းကျောင်းနိုင်သော စွမ်းအားများရရှိပြီး မိမိ၊ မိမိ မိသားစု၊ မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံကို အကျိုးပြုမည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာနိုင်သည်။



၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများအား ၂၀၂၃ ခုနှစ် မေ ၂၈ ရက်က ကျောင်းအပ်လက်ခံဆောင်ရွက်စဉ်။

### ပညာတတ်ပေါများ

ထို့ကြောင့် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် နိုင်ငံတိုးတက်ရေး၊ လူမှုဘဝမြင့်မားရေးအတွက် ပညာရေးတွင် များစွာရင်းနှီးမြှုပ်နှံနေကြသည်။ ပညာရေးကို အားပေးမြှင့်တင်နေကြသည်။ ပညာတတ်များပေါများရေး၊ လူသားအရင်းအမြစ်များ ကြွယ်ဝရေးကိုမြော်တွေးပြီး အရွယ်ရောက်သူတိုင်း ကျောင်းနေရေး၊ ကျောင်းနေသူတိုင်း ပညာတတ်များ ဖြစ်လာရေးကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ပညာရေးကို အားပေးသောနိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ပညာရေးကို အားပေးသည်ဆိုရာ၌ နိုင်ငံသားတိုင်း ပညာကို ဆုံးခန်းတိုင်သင်ကြားနိုင်ရေး၊ ပညာတတ်ပေါများလာရေးကို အလေးထားကြသည်။ ပညာတတ်များ ပေါများသဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြသည်။ အမှား၊ အမှန်၊ အကောင်း၊ အဆိုး ခွဲခြားရှုမြင်တတ်သူများ များလာသည်။

ပညာတတ်ပေါများသော နိုင်ငံများသည် အသိပညာကြွယ်ဝကြသဖြင့် မည်သည့်နိုင်ငံရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ အကောင်း၊ အဆိုး၊ အကြောင်း၊ အကျိုးတို့ကို ခွဲခြားရှုမြင်သုံးသပ်နိုင်စွမ်းရှိပြီး မိမိနိုင်ငံ တိုးတက်မှုကို အထိအခိုက်မခံဘဲ တည်တည်ငြိမ်ငြိမ် ဆောင်ရွက်နိုင်ကြသည်။ သို့သော် ပညာတတ်သူတိုင်း အားလုံးကိုမဆိုလို၊ အတ္တကြောင့် မခွဲခြား၊ မရှုမြင်နိုင်သူများလည်းရှိသည်။ အသိခေါက်ခက် အဝင်နက်သူများလည်း ရှိသည်။ မှန်ကန်စွာ တွေးတောဆင်ခြင်နိုင်စွမ်းရှိသည့် ပညာတတ်များနည်းနေခြင်းကြောင့်လည်း ဖြစ်နိုင်သည်။ လိုရင်းမှာ ပညာတတ်ပြီး မိမိနိုင်ငံ၊ မိမိဘဝကို အထိအခိုက်မခံနိုင်သည့် ပညာတတ်များ၊ ခွဲခြားရှုမြင် သုံးသပ်နိုင်စွမ်းရှိသည့် ပညာတတ်နိုင်ငံသားများ များများစားစား ဖြစ်ထွန်းလာရေးဖြစ်သည်။

### တည်ငြိမ်စွာဆောင်ရွက်

ဖွံ့ဖြိုးပြီးနိုင်ငံများတွင် နိုင်ငံရေးခံယူချက် မည်မျှကွဲလွဲသော်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အထိအခိုက်မခံရေး ဘုံရည်မှန်းချက်ထားရှိကြသည်။ အိမ်နီးချင်း၊ ဒေသတွင်း ဖွံ့ဖြိုးစနိုင်ငံများသည်ပင် အဆိုပါခံယူချက်များရှိနေကြပြီဖြစ်သည်။ အစိုးရက ပညာကိုအားပေးပြီး ပြည်သူများက ပညာကို လိုလားကြသောကြောင့် နိုင်ငံ၏ ပညာအညွှန်းကိန်းမြင့်မားလာသည်။ သာဓကအားဖြင့် မကြာသေးသောကာလက ထိုင်းနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲတွင် ကြီးမားသောရိုက်ခတ်မှုများ ရှိခဲ့သော်လည်း ပညာတတ်မြောက်ကြသော နိုင်ငံသူ နိုင်ငံသားများ၏ ဆင်ခြင်တုံတရားကြောင့်တိုင်းပြည်ကိုအထိအခိုက်မခံဘဲ တည်ငြိမ်စွာ ဆောင်ရွက်နိုင်ခဲ့သည်။ ဆင်ခြင်တုံတရားရှိခြင်းမှာ ပညာကြောင့်ဟု ဆိုနိုင်သည်။

မြန်မာနိုင်ငံ၌ ပညာရေးတွင် အားနည်းချက်များရှိနေသောကြောင့် နိုင်ငံရေးတည်ငြိမ်မှု အားနည်းမှုရှိနေသည်ဟု ပြောရမလိုဖြစ်သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း ကောက်ယူမှုစစ်တမ်းများအရ စာတတ်မြောက်မှု ရာခိုင်နှုန်း ၉၂ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရသည်။ မြန်မာနိုင်ငံတွင် စာမတတ်သူ ရာခိုင်နှုန်းအနည်းငယ် သာကျန်ရှိသဖြင့် ဝမ်းသာစရာဖြစ်သည်။ ကျန်ရှိသော စာမတတ်မြောက်သေးသူများ အမြို့မြို့ အနယ်နယ်အလိုက် အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများပြုလုပ်ပေးပြီး စာမတတ်သူပပျောက်အောင် ဆောင်ရွက်နေသည်။ သို့သော် အခြေခံပြည်သူများသည် စာတတ်မြောက်ကြ၊ ကျောင်းနေခဲ့ကြသော်လည်း အများစုမှာ မူလတန်းအဆင့်တွင်ပင် ပညာသင်ယူမှုအဆုံးသတ်ခဲ့ပြီး ကျောင်းနေသည့်အရွယ် ကျော်လွန်သွားကြသည်ကို တွေ့ရသည်။

### အကြောင်းအမျိုးမျိုး

အစီရင်ခံစာတွင် ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြကြောင်းနှင့် အသက် ၁၂ နှစ်မှစပြီး ကျောင်းတက်နှုန်း စတင်ကျဆင်းလာကာ အသက် ၁၄ နှစ်နောက်ပိုင်း အလယ်တန်းပြီးမြောက်ချိန်တွင် သိသိသာသာ ကျဆင်းလာသည်ကိုဖော်ပြထားသည်။ ကျောင်းဆက်မတက်သူ ၁၀ ဦးကို မေးမြန်းလေ့လာရာတွင် သုံးဦးသည် မိသားစုကို ကူညီနေရ၍ဟု ဖြေဆိုပြီး နှစ်ဦးမှာ ကျောင်းဆက်တက်ရန် ငွေကြေးမတတ်နိုင်သောကြောင့်ဟု ဖြေဆိုထားသည်။ အသက် သုံးနှစ်မှ အသက် ၅၀ အတွင်းရှိသူတို့ ကျောင်းဆက်မတက်ရခြင်း အဓိကအကြောင်းရင်းမှာ မကျန်းမာခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ မသန်စွမ်းခြင်းကြောင့် ၁ ဒသမ ၉ ရာခိုင်နှုန်း၊ ကျောင်းထားရန် ငွေမတတ်နိုင်ခြင်းကြောင့် ၂၁ ဒသမ ၅ ရာခိုင်နှုန်း၊ အိမ်အလုပ်ကူရခြင်းကြောင့် ၂၉ ဒသမ ၂ ရာခိုင်နှုန်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများတွင် ကူညီလုပ်ကိုင်ရခြင်းကြောင့် ၇ ဒသမ ၂ ရာခိုင်နှုန်း၊ စာမေးပွဲကျခြင်း၊ စာမလိုက်နိုင်ခြင်းနှင့် ပညာကိုစိတ်မဝင်စားခြင်းကြောင့် ၁၂ ဒသမ ၂ ရာခိုင်နှုန်းနှင့် ကျောင်းဝေးလွန်းသည်ဟု အကြောင်းပြမှုကြောင့် ၄ ဒသမ ၅ ရာခိုင်နှုန်း ပါဝင်နေသည်ကို တွေ့ရသည်။

### အပတ်တကုတ်ဆည်းပူး

လူဖြစ်လာသည်နှင့် ပညာကို ငယ်စဉ်အခါမှစ၍ သင်ကြားကြရသည်။ ကလေးသူငယ်အရွယ်အလိုက် တန်းစဉ်အဆင့်ဆင့် ကူးပြောင်းအောင်မြင်အောင် သင်ကြားကြရသည်။ အသက်ငါးနှစ်မှ ၁၀ နှစ်အတွင်း မူလတန်း၊ ၁၀ နှစ်မှ ၁၄ နှစ်အတွင်း အလယ်တန်း၊ ၁၄ နှစ်မှ ၁၆ နှစ်အတွင်း အထက်တန်းတို့ကို အောင်မြင်ပြီးမြောက်အောင် သင်ကြားကြရသည်။ အတန်းတစ်တန်းကျလျှင်လည်းကောင်း၊ ပျက်ကွက်လျှင်လည်းကောင်း အခွင့်အရေး တစ်နှစ်ဆုံးရှုံး နောက်ကျသွားကြောင်း ကျောင်းသား ကျောင်းသူမိဘများ သိရှိထားကြပြီးဖြစ်သည်။ ထို့ကြောင့် တန်းစဉ်အလိုက် တစ်နှစ်တစ်တန်း ကူးပြောင်းအောင်မြင်အောင် ကျောင်းသားများက ကြိုးစားအားထုတ်ကြရသည်။ ပညာကို ဆုံးခန်းတိုင်အောင် သင်ယူပြီးသည်အထိ ဆရာနှင့် နေ့စဉ်ထိတွေ့၍ ပညာကို အပတ်တကုတ် ရှာဖွေဆည်းပူးနေကြရသည်။

ပညာရေးဝန်ကြီးဌာန၏ မှတ်တမ်းများအရ ၁၉၉၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ကျောင်းနေသူ ၁၉ ဒသမ ၄၄ သန်းရှိသည့်အနက် ပဉ္စမတန်းတက်ရောက်သူ ၁၁ ဒသမ ၃၇ သန်းရှိပြီး အလယ်တန်းအဆင့် ၈ တန်းသို့ တက်ရောက်သူ ၇ ဒသမ ၇၈ သန်းသာရှိသည်ဟု သိရသည်။ အလားတူ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ အသက်ငါးနှစ်အထက်လူဦးရေ ၄၆ ဒသမ ၄၆ သန်းတွင် အသက်မွေးဝမ်းကျောင်းပညာသင်ကြားပြီးသူ ၂ ဒသမ ၉ သိန်းနှင့် ဘွဲ့ရသူ သုံးသန်းရှိသည်ကို တွေ့ရသည်။ အသက် ငါးနှစ်အထက် လူဦးရေ ၄၆ သန်းခွဲခန့်တွင် အသိပညာ၊ အတတ်ပညာတတ်မြောက်သူ သုံးသန်းကျော်သာရှိသဖြင့် မြန်မာနိုင်ငံတွင် အသိပညာ၊ အတတ်ပညာတတ်မြောက်သူ အလွန်နည်းပါးနေသည်ဟု ဆိုရမည်။ ပညာကို ပြီးဆုံးအောင်မသင်ယူကြတော့ဘဲ တန်းစဉ်ကူးပြောင်းမှု တစ်စတစ်စ လျော့နည်းလာသည်မှာ အဓိကအကြောင်းဖြစ်သည်။

### ၁ ရာခိုင်နှုန်းကျော်သာရှိ

နိုင်ငံတွင် အသက် ၁၅ နှစ်အထက် လူဦးရေ တစ်နည်းအားဖြင့် အလုပ်လုပ်နိုင်သူ ၂၂ ဒသမ ၉ သန်းရှိသည့်အနက် ထက်ဝက်ခန့်အရေအတွက်သာ အလယ်တန်းအဆင့် ပညာတတ်မြောက်မှုသာရှိသည်ကို တွေ့ရသည်။ နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ယင်းတို့အနက် အသက် ၁၅ နှစ်အထက် ၄၅ ရာခိုင်နှုန်းသော လူဦးရေသည် စိုက်ပျိုးမွေးမြူရေးဖြင့် အသက်မွေးဝမ်းကျောင်းပြုနေကြပြီး ၉ ဒသမ ၅ ရာခိုင်နှုန်းသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ပါဝင်လုပ်ကိုင်နေသည်ကို တွေ့ရသည်။ အလယ်တန်းနှင့် အထက်တန်း ပြီးမြောက်သူများ တက်ရောက်ကြသည့် နည်းပညာ၊ သက်မွေးပညာသင်တန်းကျောင်းနှင့် ဒီပလိုမာတန်းပြီးမြောက်သူများသည် တစ်နိုင်ငံလုံးတွင် သုံးသိန်းခန့်သာရှိသည်။ သုံးသိန်းဆိုသော အရေအတွက်သည် အသက် ၁၅ နှစ်အထက် လူဦးရေ၏ ၁ ရာခိုင်နှုန်းကျော်သာရှိသည်။

လေ့လာတွေ့ရှိချက်များအရ သာမန်လုပ်ကိုင်စားသောက်နိုင်သည့် အခြေအနေဖြစ်အောင် အနည်းဆုံးအနေဖြင့် အလယ်တန်းအဆင့်ပညာရေးပြီးမြောက်အောင် သင်ကြားသင့်သည်။ မိဘများနှင့် တာဝန်ရှိသူများ၊ လုပ်ကိုင်နိုင်စွမ်းရှိသူ နိုင်ငံသားအားလုံးက တိုင်းပြည်နှင့်မျိုးဆက်များ၏ အနာဂတ်ကိုမြော်တွေး၍ ခိုင်မာသည့်လမ်းခင်းပေးရန် လိုအပ်သည်။ စုစည်းညီညွတ်မှုဖြင့် ဆောင်ရွက်ခဲ့ကြသဖြင့် အောင်မြင်မှုရသည့်သာဓကများစွာရှိသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ယူခွင့်ရရှိရေး၊ အနည်းဆုံး အလယ်တန်းအဆင့် (KG+9) ပြီးမြောက်သည်အထိ ပညာသင်ယူနိုင်ရေးနှင့် အနာဂတ်ပညာရေး ပိုမိုကောင်းမွန်လာစေရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြပါက တိုင်းပြည်အနာဂတ်အတွက် စိတ်အေးဖွယ်ရာဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

■ **နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ Education for All ဆိုသည့်အတိုင်း အားလုံးအတွက် ပညာရေးကို မဖြစ်မနေ အကောင်အထည်ဖော်လျက်ရှိသည်။ ရည်ရွယ်ချက်မှာ ကလေးသူငယ် လူငယ်လူရွယ်အားလုံး ကျောင်းနေနိုင်ရေးဖြစ်သည်။ ရည်မှန်းချက်သို့ရောက်သည်အထိ စဉ်ဆက်မပြတ် ပညာသင်နိုင်ရေးဖြစ်သည်။ နိုင်ငံအတွင်း ပညာတတ်သူများ ပေါများလာရေးဖြစ်သည်။ ပေါကြွယ်ဝသည့် ပညာတတ်များ၊ လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံကိုတည်ဆောက်ကြရန်၊ နိုင်ငံဖွံ့ဖြိုး တိုးတက်လာရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်ဖြစ်သည်**

# ဗုဒ္ဓအခါတော်နေ့ ကဆုန်လပြည့်

မြန်မာတို့၏ ဆယ့်နှစ်လပြက္ခဒိန်တွင် ဒုတိယမြောက်လသည် ကဆုန်လဖြစ်သည်။ နွေရာသီကာလ၏ အလယ်ဗဟိုဖြစ်သောကြောင့် အပူရှိန် ပြင်းထန်လွန်ကဲလှပါသည်။ ကဆုန်လ၏ ရာသီအမည်မှာ ပြိဿရာသီဖြစ်သည်။ ဤလတွင် ဝိသာခါနက္ခတ်သည် လမင်းနှင့်အတူ ကောင်းကင်တွင် ယှဉ်ပြိုင်ထွန်း၏။ ရာသီ၏သင်္ကေတမှာ နွားလားဥသဘဖြစ်၏။ ရာသီပန်းမှာ စကားပန်းဖြစ်၏။ ရာသီပွဲတော်မှာ ညောင်ရေသွန်းပွဲတော်ဖြစ်သည်။

မောင်အင်ယာ (မြန်မာစာ)

**"ညောင်ရေသွန်းလောင်းခြင်းသည် ဗုဒ္ဓမြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ရပြီး ဘုရားဖြစ်တော်မူသော ဗောဓိညောင်ပင် ကို ပရိဘောဂစေတီအဖြစ် မှတ်ယူကြ၍ ရေသွန်းလောင်းပွဲတော် ကျင်းပကြခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့အဖို့ မြင့်မြတ်ခြင်းတို့ စုဝေးရာ ထိုကဆုန်လပြည့်နေ့ကို ဗုဒ္ဓအခါတော်နေ့ဟု အမွှန်အမြတ်ထားကြသောနေ့ ဖြစ်လာခဲ့ပါသည်။ ဗောဓိညောင်ပင်သည် ဗုဒ္ဓမြတ်စွာဘုရားသည် သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူး၊ သစ်ပင်မြတ်ဖြစ်၏။ ပါဠိစာပေ၌ ဗောဓိပင်သည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသော အဓိပ္ပာယ်သုံးမျိုးရှိ၏။ အရိယာမဂ်သည် သစ္စာလေးပါး တရားမြတ်ကို သိမြင်ခဲ့သောကြောင့် ဗောဓိမည်၏။ သိသင့် သိထိုက်သော တရားမှန်သမျှကို သိမြင်တော်မူသောကြောင့် သဗ္ဗညုတရွှေဉာဏ်တော်ခေါ်၏"**

### "ကဆုန်" ဝေါဟာရ

ယခုခေတ် "ကဆုန်" ဝေါဟာရကို ပုဂံခေတ်ထိုးကျောက်စာတို့၌ "ကုဆုန်" ဟု အရေးများသည်။ "ကုဆုန်"သည် မူလရေးထုံးဖြစ်၏။ ထိုမှ "ကဆုန်"သို့ ရွေ့လျောပြောင်းလဲလာသည်။ "ကု၊ က" အနက်မှာ ရေဖြစ်သည်။ "ဆုန်"၏အနက်မှာ သွန်းလောင်းသည်ဖြစ်၏။ ထို့ကြောင့် ကဆုန်လကို ရေသွန်းလောင်းသောလဟု ဆိုရပါမည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓဘာသာရောက်ရှိချိန်မှစ၍ ညောင်ရေသွန်းလောင်းပွဲ အလေ့အထလည်း တစ်ပြိုင်နက်ဖြစ်ပေါ်လာသည်ဟု ပညာရှင်များက ယူဆကြပါသည်။

မြန်မာနိုင်ငံသို့ ဗုဒ္ဓဝါဒရောက်ပြီး မကြာခင်ပင် ညောင်ရေသွန်းပွဲတော် ကျင်းပကြသည်ဟု ပညာရှင်များက ယူဆကြသည်။ ကဆုန်လပြည့်နေ့သည် "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင်နိဗ္ဗာန်နန်း" ဟု မြန်မာတို့ ဆိုရိုးစကားမှတ်သားထားကြ၏။ ကဆုန်လပြည့်နေ့သည် (၁)ဒီပင်္ကရာဘုရားထံ ဘုရားဆုပန် ဗျာဒိတ်ခံယူသောနေ့၊ လွန်ခဲ့သော လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း၊ ကဆုန်လပြည့်နေ့၊ (၂) ဂေါတမဘုရားလောင်း ဖွားမြင်သောနေ့၊ မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့၊ (၃)ဘုရားအဖြစ်သို့ ရောက်တော်မူသောနေ့၊ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ (၄) ပရိနိဗ္ဗာန်စံဝင်တော်မူသောနေ့၊ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်၊ အင်္ဂါနေ့။

ဤသို့သော နေ့ထူးနေ့မြတ်များဖြင့် ပြည့်စုံသော ဗုဒ္ဓဝင်သမိုင်းမော်ကွန်းများ ရေးထိုးရသောနေ့ဖြစ်ပါသည်။ ဘုရားပွင့်ရာ မဟာဗောဓိပင်ကို ပရိဘောဂစေတီထိုက်၍လည်း ပူပြင်းသော နွေကာလ၌ ရေစင်သွန်းလောင်းခြင်းဖြင့် ကုသိုလ်ယူကြသောပွဲလည်း ဖြစ်ပါသည်။

ဗုဒ္ဓဘုရားပွင့်တော်မူသော ကဆုန်လပြည့်နေ့ နေမဝင်မီ၌ ဒေဝပုတ္တမာရ် (ဝသဝတ္တီမာရ်နတ်) ကို ဘုရားအလောင်းတော်မြတ် အောင်မြင်တော်မူ၏။ ညဉ့်ဦးယံတွင် ပုဗ္ဗေနိဝါသာနုဿတိဉာဏ် (ရှေးကဖြစ်ခဲ့သော ခန္ဓာအစဉ်ကို သတိနှင့်ယှဉ်၍ သိသောဉာဏ်)၊ သန်းခေါင်ယံတွင် ဒိဗ္ဗစက္ခုဉာဏ် (မြင်လိုရာကို မြင်နိုင်သောဉာဏ်)၊ မိုးသောက်ယံတွင် အာသဝက္ခယဉာဏ် (စိတ်၌ ညစ်နွမ်းစေသော အာသဝေါတရားလေးပါးကို ပယ်နိုင်စွမ်းသောဉာဏ်) ဤဉာဏ်သုံးပါးကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပါသည်။

ညောင်ရေသွန်းလောင်းခြင်းသည် ဗုဒ္ဓမြတ်စွာဘုရား သဗ္ဗညုတဉာဏ်တော်ရပြီး ဘုရားဖြစ်တော်မူသော ဗောဓိညောင်ပင်ကို ပရိဘောဂစေတီအဖြစ် မှတ်ယူကြ၍ ရေသွန်းလောင်းပွဲတော် ကျင်းပကြခြင်းဖြစ်ပါသည်။ ဗုဒ္ဓဘာသာဝင်တို့အဖို့ မြင့်မြတ်ခြင်းတို့ စုဝေးရာ ထိုကဆုန်လပြည့်နေ့ကို ဗုဒ္ဓအခါတော်နေ့ ဟု အမွှန်အမြတ်ထားကြသောနေ့ ဖြစ်လာခဲ့ပါသည်။ ဗောဓိညောင်ပင်သည် ဗုဒ္ဓမြတ်စွာဘုရားသည် သစ္စာလေးပါးကို ပိုင်းခြားထင်ထင် သိမြင်တော်မူရာ သစ်ပင်ထူး၊ သစ်ပင်မြတ်ဖြစ်၏။ ပါဠိစာပေ၌ ဗောဓိပင်သည် အရိယာမဂ်၊ သဗ္ဗညုတဉာဏ်နှင့် ဗောဓိပင်ဟူသော အဓိပ္ပာယ်သုံးမျိုးရှိ၏။ အရိယာမဂ်သည် သစ္စာလေးပါးတရားမြတ်ကို သိမြင်ခဲ့သောကြောင့် ဗောဓိမည်၏။ သိသင့်သိထိုက်သော တရားမှန်သမျှကို သိမြင်တော်မူသောကြောင့် သဗ္ဗညုတရွှေဉာဏ်တော်ခေါ်၏။

ဗုဒ္ဓဘုရားရှင်သည် ဘုရားဖြစ်ရန်အတွက် ပါရမီ ဆယ်ပါး၊ စွန့်ခြင်းကြီး ငါးပါး၊ စရိယတရား သုံးပါးတို့ကို ဖြည့်ကျင့်ခဲ့သည်။ နိဗ္ဗာန်ကူးနိုင်ပါသော်လည်း သတ္တဝါနေယျတို့အပေါ် ကြီးမားလှသော မဟာကရုဏာတော်၊ မဟာမေတ္တာတော်၊ အနန္တထားရှိသည့်အတိုင်း ပြုနိုင်ကျင့်နိုင်ခဲ့လှသော အမှုကိစ္စတို့ကိုပြု၍ စွန့်နိုင်ခဲလှသော အရာတို့ကို စွန့်လွှတ်နိုင်ခဲ့ပါသည်။ ပေးလှူနိုင်ခဲသော အရာတို့ကိုလည်း ပေးလှူခဲ့၏။ သည်းခံရန်ခက်ခဲလှသော အရာတို့ကိုလည်း သည်းခံနိုင်ခဲ့၏။ လူသာမန်တို့အဖို့ ခက်ခဲလှသော ကိုယ်တော်၏ပင်ပန်းခြင်း၊ စိတ်တော်၏ပင်ပန်းခြင်းတို့ကို ပြုနိုင်တော်မူခဲ့ပါသည်။ ပါရမီဆယ်ပါး အပြားသုံးဆယ်ကို လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ဖြည့်ကျင့်ခဲ့ရပါသည်။

### ကုသိုလ်ပြုခဲ့သော အစဉ်အလာ

သို့ဖြစ်၍ ဗုဒ္ဓသာသနာတော်ပွင့်လင်းရာ ဗောဓိပင်များမှတစ်ဆင့် ပွားထားသော ဗောဓိညောင်ပင်များကို ဆက်လက်ရှင်သန်စေရန် ညောင်ရေသွန်းပွဲတော်ကို ကျင်းပလျက် ကုသိုလ်ပြုခဲ့သောအစဉ်အလာကို ယနေ့တိုင် ထိန်းသိမ်းလိုက်နာနေဆဲဖြစ်ပါသည်။ ထို့ကြောင့် ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ကို ဘုရားဖြစ်တော်မူ၊ ကျူးရင့်တော်မူခဲ့သော ဥဒါန်းဂါထာ၊ ပဋ္ဌိစ္စသမုပ္ပါဒ် ပါဠိတော်များကို ရွတ်ဖတ်ပူဇော်ရင်း ဗုဒ္ဓအခါတော်နေ့၌ ရေစင်သွန်းလောင်းနေကြပါသည်။

"ပု-ဒိ-အာ" မည်သော ဤဉာဏ်တော်သုံးပါးကို ဗုဒ္ဓဖြစ်တော်မူသော ကဆုန်လပြည့် သန်းခေါင်ယံလွန်၌ ကောင်းစွာပြည့်စုံ၍ဘုရားအဖြစ် ရတော်မူခဲ့ပါသည်။ မဂ်လေးတန်ဖြင့် ဖိုလ်လေးပါးကို ရပြီး ဝိသုဒ္ဓိ ခုနစ်ပါးနှင့် ပြည့်စုံသော ဘုရားရှင် "ဗုဒ္ဓ" (သစ္စာလေးပါးကို သိတော်မူသောပုဂ္ဂိုလ်) ဖြစ်ခဲ့လေသည်။

ဤဉာဏ်တော်သုံးပါးကို "မဇ္ဈိမနိကာယ"၊ "မဟာသစ္စက" သုတ္တန်၌ ပြန်လည်ဟောကြားခဲ့ပါသည်။ အတိတ်ဘဝကို မြင်နိုင်စွမ်းသောဉာဏ်၊ ကံနှင့် ဘဝသံသရာဖြစ်စဉ်တို့ကို မြင်နိုင်စွမ်းသောဉာဏ်၊ သစ္စာလေးပါးကို သိမြင်စွမ်းသောဉာဏ် သုံးပါးကို ရတော်မူပြီးသောအခါ "အနေကဇာတိ သံသာရံ" အစချီ၍ ငါသည် (ဗုဒ္ဓသည်) ကြီးစွာသော သံသရာဝဋ်ဒုက္ခမှ လွတ်မြောက်ရလေပြီး နောက်ထပ်တစ်ဖန် မဖြစ်တော့ပြီတကားဟု ဥဒါန်းကျူးတော်မူခဲ့လေသည်။

ဗုဒ္ဓရှင်တော်သည် မဟာသက္ကရာဇ် ၁၀၃ ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့တွင် ဘုရားဖြစ်တော်မူ၏။ နှစ်လပြည့်မြောက်သည်မှစ၍ တရားဒေသနာစက်ဝန်းကို တစ်ရံမလပ် လှည့်လည်ဟောကြားတော်မူခဲ့၏။ မဟာသက္ကရာဇ် ၁၄၈ ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် မလ္လာမင်းတို့၏ ကုသိန္နာရုံပြည် အင်ကြင်းတော၌ ပရိနိဗ္ဗာန်ပြုသည်အထိ (၄၅)ဝါတိုင် (သက်တော် ၈၀ ပြည့်သည်)အထိ ဖြစ်ပါသည်။

### လိုရာဆန္ဒပြည့်ဝကြပါစေ

ထို့ကြောင့် ယခုလာမည့် ကဆုန်လပြည့်နေ့၊ ဗုဒ္ဓနေ့၌ ကဆုန်ညောင်ရေသွန်းလောင်းရာတွင် ပရိဘောဂစေတီဖြစ်သော မဟာဗောဓိပင် လန်းဆန်းသက်ရှည် အခက်အလက်ဝေဖြာသကဲ့သို့ ကျွန်ုပ်တို့သည်လည်း သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒပြည့်ဝရပါစေ။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးနှင့်တကွ ကမ္ဘာသူ၊ ကမ္ဘာသားအားလုံး သဘာဝဘေးအန္တရာယ်များမှ ကင်းဝေးကြပါစေ။ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေ။ ပဋိပက္ခများ ချုပ်ငြိမ်းပါစေ။ ဗုဒ္ဓဘုရားရှင်၏ သာသနာ အဓွန့်တာရှည် တည်တံ့ပါစေ။ မေတ္တာပေးဝေဆုတောင်းရင်း ကဆုန်ညောင်ရေသွန်းလောင်းကြပါစေ။ သက်ရှည်ကျန်းမာ စိတ်ချမ်းသာ လိုရာဆန္ဒပြည့်ဝကြပါစေ ဆုတောင်းလျက်။ ။

**စာညွှန်း**
၁။ မြန်မာ့စွယ်စုံကျမ်း၊ အတွဲ(၁)
၂။ မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များမှတ်စု
၃။ စာဘဏ္ဍာ၏မှတ်စုများ

*စာမျက်နှာ ၁၀ မှ*

### ကျောင်းနေရေးထောက်ကူ

သုတေသနပြုချက်များအရ ကလေးသူငယ်များအား ကျောင်းထားရန် တွန့်ဆုတ်နေကြသည့် မိဘများအား ပညာတန်ဖိုးကို နားလည်သဘောပေါက်လာအောင် စည်းရုံးပြီး နိုင်ငံတော်နှင့် လူမှုပတ်ဝန်းကျင်အသိုင်းအဝိုင်းက ကူညီပံ့ပိုးပေးရန် အသင့်ရှိနေသည်ကို ယုံကြည်လာအောင် စွမ်းဆောင်ပေးနိုင်ကြပါက မိမိတို့၏ ရင်သွေးကလေးသူငယ်များ ကျောင်းပရဝဏ်အသီးသီးသို့ စုံစုံညီညီရောက်ရှိလာမည်မှာ သေချာသည်။ နိုင်ငံတော်အနေဖြင့် အခမဲ့ပညာရေးအစီအစဉ်အရ ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ခဲတံ၊ ဘောပင်၊ ကျောင်းဝတ်စုံများကို အခမဲ့ထောက်ပံ့ပေးနေသလို အတန်းကူးပြောင်းသွားကြသည့် ကျောင်းသားများထံမှ ကျောင်းဝတ်စုံများနှင့် စာအုပ်များကို လိုအပ်သည့် ကျောင်းသားများထံ လွှဲပြောင်းပေးအပ်ခြင်းနှင့် အမှန်တကယ် ကျောင်းနေရန် အခက်အခဲရှိသည့် ချို့တဲ့နွမ်းပါးသူများကို ပညာသင်ထောက်ပံ့ကြေး ပံ့ပိုးပေးခြင်းတို့သည် အခက်အခဲရှိသည့် မိဘများ၏ ဝန်ထုပ်ဝန်ပိုးကို အထိုက်အလျောက် လျော့ကျစေနိုင်ပြီး ကလေးများအား ကျောင်းထားရေးအတွက် အထောက်အကူပြုနိုင်မည်ဖြစ်သည်။

ကျောင်းသားမိဘများအနေဖြင့်လည်း မိမိသားသမီးများအား အမှန်တကယ် စာတတ်မြောက်စေရန် အရည်အသွေးရှိသည့်ပညာများကို သင်ကြားပေးနိုင်မည်ဟု ယုံကြည်သည့်ကျောင်းများတွင်သာ ကျောင်းထားလိုကြမည်ဖြစ်သည်။ ထို့ကြောင့်လည်း ဆရာ ဆရာမ လုံလောက်ရေး၊ ရရှိထားသည့်ဘွဲ့နှင့် သင်ကြားနေသည့် ဘာသာရပ်ကိုက်ညီရေး၊ ဆရာ ဆရာမများ အရည်အသွေးမြှင့်တင်ရေး၊ ဆရာ ဆရာမများ သက်သာချောင်ချိရေး၊ သင်ရိုးညွှန်းတမ်းများမွမ်းမံရေး၊ ကျောင်းဥပဓိရုပ်ကောင်းမွန်ရေးတို့ကို ဆောင်ရွက်ပေးကြရေးတို့သည် အလွန်အရေးကြီးသည်။ အလယ်တန်းအဆင့် ပြီးမြောက်သူများကို စက်မှု၊ စိုက်ပျိုးမွေးမြူရေးနှင့် သက်မွေးပညာသင်တန်းများ ပိုမိုတက်ရောက်နိုင်ရန် လမ်းဖွင့်ပေးကြရမည်ဖြစ်သည်။ ကျောင်းတက်သူဦးရေတိုးတက်ရေး၊ အတန်းကူးပြောင်းမှုနှုန်း မြင့်မားရေးကို အဟန့်အတားဖြစ်စေသည့် အကြောင်းရင်းများကို အဖြေရှာပြီး ဖြေရှင်းပေးကြရမည်ဖြစ်သည်။

### ရင်ပေါင်တန်းနိုင်ရန်

နိုင်ငံတော်အနေဖြင့် ကျောင်းနေအရွယ် ကလေးများအားလုံး အရည်အသွေးကောင်းမွန်ပြီး အဆင့်မီသည့် ပညာသင်ယူနိုင်ခွင့်ရအောင် ဖန်တီးဖော်ဆောင်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ Education for All ဆိုသည့်အတိုင်း အားလုံးအတွက် ပညာရေးကို မဖြစ်မနေ အကောင်အထည်ဖော်လျက်ရှိသည်။ ရည်ရွယ်ချက်မှာ ကလေးသူငယ် လူငယ်လူရွယ်အားလုံး ကျောင်းနေနိုင်ရေးဖြစ်သည်။ ရည်မှန်းချက်သို့ရောက်သည်အထိ စဉ်ဆက်မပြတ် ပညာသင်နိုင်ရေးဖြစ်သည်။ နိုင်ငံအတွင်း ပညာတတ်သူများ ပေါ်များလာရေးဖြစ်သည်။ ပေါ်ကြွယ်ဝသည့် ပညာတတ်များ၊ လူ့စွမ်းအားအရင်းအမြစ်များဖြင့် နိုင်ငံကိုတည်ဆောက်ကြရန်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်လာရန်၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် မကြာမီရက်ပိုင်းအတွင်း ကျောင်းအပ်နှံရေးသီတင်းပတ်သို့ ရောက်ရှိပြီဖြစ်သည်။ ယခုပညာသင်နှစ်အတွက် ပညာရေးနှိုးဆော်ချက်ဆောင်ပုဒ်မှာ "ကျောင်းနေအရွယ် ကလေးအားလုံး အခြေခံပညာသင်ယူဖို့ ကျောင်းအပ်နှံကြပါစို့" ဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇွန်လ ၃ ရက်နေ့တွင် နိုင်ငံအတွင်းရှိ အခြေခံပညာကျောင်းများအားလုံး ဖွင့်လှစ်တော့မည်ဖြစ်သည်။ မေလ ၂၃ ရက်နေ့မှ ဇွန်လ ၂ ရက်နေ့အထိ မြို့နယ်အသီးသီးရှိ မိဘအုပ်ထိန်းသူများက မိမိတို့ ရင်သွေးငယ်များအား ကျောင်းအပ်နှံပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ငါးနှစ်အရွယ် ကလေးငယ်များအား သူငယ်တန်း (KG) သို့ အပ်နှံပေးကြပါရန်၊ ခြောက်နှစ်အရွယ် ကလေးငယ်များအား ပထမတန်း (Grade-1)သို့ အပ်နှံပေးကြပါရန် အသိပေးအပ်ပါသည်။

အဆင်ပြေသော မိဘအုပ်ထိန်းသူများနှင့် ကျောင်းသား ကျောင်းသူများအနေဖြင့် အတန်းတစ်တန်းသို့ကူးပြောင်းပညာသင်ယူနိုင်ရေးအတွက် နိုးကြားတက်ကြွနေကြသည်။ အဆင်မပြေသော မိဘအုပ်ထိန်းသူများနှင့် ကျောင်းသားလူငယ်များအနေဖြင့် နိုင်ငံတော်၏ပံ့ပိုးကူညီဆောင်ရွက်ပေးမှုများဖြင့် အနည်းဆုံး KG+9 သို့ ရောက်အောင် သင်ကြားကြရန်နှင့် ကလေးငယ်၏ အနာဂတ်၊ မိသားစု၏ အနာဂတ်၊ နိုင်ငံ၏ အနာဂတ်ကို မြော်တွေး၍ ပညာသင်ချိန်အရွယ်တွင် ပညာကို ဖြောင့်ဖြောင့်တန်းတန်း ကြိုးစားသင်ယူကြပါရန် မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါသည်။ ။

❖ *ကျောဖုံးမှ*





ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်းအတွင်း သထုံမြို့နယ် သိမ်ဆိပ်နှင့် ဒုံဝန်းဘူတာအကြား တံတားအမှတ်(၇၈) ပြန်လည်ပြုပြင်နေမှုအခြေအနေကို တွေ့ရစဉ်။

ဝိုင်ယာကြိုးသွယ်တန်းထားသည့် ရှေ့ထွက် ကြီးကြပ်မိုင်း တစ်လုံးအား တွေ့ရှိရ၍ သက်မဲ့ပြုလုပ်ဖယ်ရှား ရှင်းလင်းနိုင်ခဲ့ကာ၊ တံတားပေါ်တွင် လေးနေရာ၌ မိုင်းပေါက်ကွဲမှု ဖြစ်ပွားထားကြောင်းနှင့် တစ်နေရာစီတွင် သံလမ်းဘယ်/ညာ ၁ ပေခန့်စီပြတ်တောက်ပျက်စီးနေကြောင်း သိရှိရသဖြင့် ယနေ့ နံနက် ၆ နာရီခွဲတွင် သိမ်ဆိပ် - ဒုံဝန်းရထားလမ်းပိုင်းအား ခေတ္တပိတ်၍ လမ်းပိုင်းအချိန်မီ ပြန်လည်ဖွင့်လှစ်နိုင်ရေး မြန်မာ့မီးရထား တာဝန်ရှိသူများက ပြုပြင်ဆောင်ရွက်ခဲ့ရာ ယနေ့ နံနက် ၁၀ နာရီ ၁၄ မိနစ်တွင် လမ်းပိုင်းကို ပြန်လည်ဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ မိုင်းဖြစ်စဉ်ကြောင့် ယနေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်ဘူတာကြီးမှ စတင်ထွက်ခွာမည့် အမှတ်(၈၁)အဆန် ရန်ကုန်-မော်လမြိုင် လူစီးရထားအား နံနက် ၈ နာရီမှ စတင်စေလွှတ်နိုင်ခဲ့သဖြင့် ပုံမှန်ထွက်ခွာချိန်ထက် ၁ နာရီခွဲကြန့်ကြာခဲ့ပြီး အမှတ် (၈၂) အစုန် မော်လမြိုင်-ရန်ကုန် လူစီးရထားသည် မော်လမြိုင်ဘူတာမှ အချိန်မှန် နံနက် ၈ နာရီခွဲတွင် ထွက်ခွာနိုင်ခဲ့သည်။ သထုံဘူတာမှ ယနေ့ နံနက် ၆ နာရီတွင် ထွက်ခွာရန် အသင့်ရှိနေသော အမှတ် (၆၈၆) အစုန်ကုန်ရထားအား ခေတ္တစောင့်ဆိုင်းစေခဲ့ရကာ လမ်းပိုင်း ပြန်လည်ဖွင့်လှစ်သည့် အချိန်မှသာ စေလွှတ်နိုင်ခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခု အချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာ နယ်မြေအတွင်း ဗုံးထောင်မိုင်းခွဲ/ဖျက်ဆီးခြင်း(၂၀၅) ကြိမ်၊ ရထားတံတား/သံလမ်းများအား မိုင်းခွဲဖျက်ဆီးခြင်း(၁၆၃)ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း (၄၂) ကြိမ် ကျူးလွန်ခဲ့ကြသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အအုံများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံ ဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံတော်ပိုင် ရထားစက်ခေါင်းနှင့် တွဲများ၊ ရထားလမ်းနှင့် တံတားများ၊ ခရီးသည်များနှင့်ကုန်စည်များ ထိခိုက်ပျက်စီးဆုံးရှုံးစေရေး၊ ရထားစီးခရီးသွား ပြည်သူများအနေဖြင့် ရထားဖြင့် ခရီးသွားလာရာတွင် ကိုယ်စိတ်နှလုံး ချမ်းမြေ့ပြီး အသက်အန္တရာယ် ကင်းရှင်းစွာဖြင့် လုံခြုံစိတ်ချစွာသွားလာနိုင်မှု မရှိစေရေးအတွက် ရည်ရွယ်ပြီး ယခုကဲ့သို့ ယုတ်မာပက်စက်စွာဖြင့် အကြိမ်ကြိမ်ကျူးလွန်ဖျက်ဆီးနေကြခြင်းအပေါ် ဒေသခံများနှင့် ပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မိုင်းထောင်ထားမှုကို တွေ့ရစဉ်။



မိုင်းအားဝိုင်ယာကြိုးဖြင့် သွယ်တန်းထားမှုကို တွေ့ရစဉ်။

○ *ကျောဖုံးမှ*

အတ္တလန္တာအသင်းသည် ယူရိုပါလိဂ်ဆီမီးဖိုင်နယ်တွင် ပြင်သစ်ကလပ်မာဆေးလ်အသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး - တစ်ဂိုးဖြင့် အနိုင်ယူကျော်ဖြတ်ကာ ဗိုလ်လုပွဲသို့ တက်လှမ်းလာသည်။ ပြိုင်ဘက် လေဗာကူဆင်အသင်းက စီးရီးအေကလပ် ရိုးမားအသင်းကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ယူပြီး ဗိုလ်လုပွဲသို့ ထိုက်ထိုက်တန်တန်တက်လှမ်းလာနိုင်ခဲ့သည်။

နည်းပြ အလွန်ဆို၏ လေဗာကူဆင်အသင်းသည် ယခုနှစ်ရာသီတွင် အံ့အားသင့်ဖွယ် ခြေစွမ်းပြသထားနိုင်မှုနှင့်အတူ နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့သည့် ပြိုင်ပွဲစုံ ၅၁ ပွဲတွင် ၄၂ ပွဲနိုင် ကိုးပွဲသရေဖြင့် ရှုံးပွဲမရှိမှတ်တမ်းကို ပိုင်ဆိုင်ထားသည်။ ဘွန်ဒက်စ်လီဂါအမှတ်ပေးဖလားကိုလည်း ရှုံးပွဲမရှိ မှတ်တမ်းဖြင့် ဆွတ်ခူးထားနိုင်သည့် အသင်းမှတ်တမ်းသစ်ရေးထိုးထားသည်။

လေဗာကူဆင်အသင်းသည် ယခုပွဲစဉ်တွင် နိုင်ပွဲရရှိပြီး ဖလားဆွတ်ခူးနိုင်ခဲ့ပါက စံချိန်မှတ်တမ်းသစ် ရေးထိုးသွားဖွယ်ရှိနေသည်။ ထို့ပြင် လေဗာကူဆင်အသင်းသည် မေ ၂၆ ရက်တွင်လည်း ဂျာမန်ဖလားဗိုလ်လုပွဲအဖြစ် ကိုင်ဇာစလာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရန် ကျန်ရှိနေသေးသည်။ အတ္တလန္တာအသင်း၏ ခြေစွမ်းထက်မြက်မှုရှိသော်လည်း စုစည်းကျစ်လျစ်မှုနှင့်အတူ နိုင်လိုစိတ်ပြင်းထန်မှုရှိသည့် လေဗာကူဆင်အသင်းကို ကျော်ဖြတ်ရန် မလွယ်ကူသည့် အခြေအနေတွင် ရှိသည်။

**အောင်ဇော်**

## ဟင်္သာတ၌ လေပြင်းနှင့်မိုးကြိုးဘေး ကြိုတင်ကာကွယ်ရေး အသိပညာပေး

**ဟင်္သာတ မေ ၂၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဟင်္သာတခရိုင်ဦးစီးမှူးရုံးက ဦးဆောင်ပြီး လေပြင်းဘေးနှင့် မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရပ်ကွက်နေပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန်အတွက် အသိပညာပေးနှီးဆော်ခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းများကို မေ ၂၀ ရက်က ဗန်ဒါပင်ဈေး၌ ဆောင်ရွက်သည်။

ပူပြင်း ခြောက်သွေ့သော နွေရာသီကာလဖြစ်သည့် မတ်လ၊ ဧပြီလနှင့် မေလများအတွင်း လေပြင်းတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့်၊ နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လာနိုင်ပါသဖြင့် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးမှူး ဒေါ်ချောစုစိုးထံက သိရသည်။

**လက်ကမ်းစာစောင်ဖြန့်ဝေ**

အဆိုပါ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့တို့နှင့်အတူ ပူးပေါင်းပြီး ဗန်ဒါပင်ဈေးနှင့် ဈေးပတ်ဝန်းကျင် ရပ်ကွက်များအတွင်း အသိပညာပေး နှိုးဆော်ခြင်းနှင့် ဈေးသွား၊ ဈေးပြန်နှင့်ဈေးသည်များ၊ ရပ်ကွက်နေပြည်သူများထံ လေပြင်းနှင့် မိုးကြိုးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်၊ ရှောင်ရန်အချက်များ ပါဝင်သည့် လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



**ခရိုင်(ပြန်/ဆက်)**



## သနပ်ပင်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ်ချေးငွေ ပေးအပ်

**သနပ်ပင် မေ ၂၁**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်၌ ၂၀၂၄ ခုနှစ် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၉ နာရီက သနပ်ပင်မြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ် ပဲခူးတိုင်းဒေသကြီး တိုင်းဒေသကြီး မန်နေဂျာ ဦးကျော်သူရက ချေးငွေထုတ်ချေးပုံ အဆင့်ဆင့်နှင့် သီးနှံ့အာမခံထားရှိရေး စည်းကမ်းများ၊ မြန်မာ့အာမခံလုပ်ငန်း တိုင်းဒေသကြီးတာဝန်ခံက သီးနှံအာမခံ စည်းကမ်းများ ရှင်းလင်းပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇော်လင်းထက်က ကျေးရွာအုပ်စုများကို ယခင်နှစ် ချေးငွေများ ပြေကျေမှသာ ချေးငွေသစ်များ ပြန်လည်ထုတ်ချေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်မန်နေဂျာ ဒေါ်အေးအေးသီက ချေးငွေစည်းကမ်းချက်များ၊ (ချေးငွေ) စနစ်များကို ရှင်းလင်းပြောကြား ပြီးနောက် ၂၀၂၄ ခုနှစ် မိုးရာသီစိုက်ပျိုးစရိတ် ချေးငွေများကို လွမ်းပြေကျေးရွာအုပ်စုမှ တောင်သူ၇၄ ဦး၊ ဧက၆၆၃ ဧကအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၉၉၄၅၀၀၀၀ ကို ချေးငွေစည်းကမ်းချက်များနှင့်အညီ ထုတ်ချေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သီရိလင်္ကာနိုင်ငံ၌ လူပေါင်း ၃၃၀၀၀ ကျော် သဘာဝဘေးနှင့် ရင်ဆိုင်ကြုံတွေ့



ကိုလံဘို မေ ၂၁

**သီရိလင်္ကာနိုင်ငံ၌ သဘာဝဘေးဆိုးရွားမှုကို လူပေါင်း ၃၃၀၀၀ ကျော် ကြုံတွေ့ခံစားနေရကြောင်း အရာရှိတစ်ဦးက မေ ၂၁ ရက်တွင် ပြောကြားသည်။ သဘာဝဘေးဒုက္ခစီမံခန့်ခွဲရေးစင်တာမှ ညွှန်ကြားရေးမှူး ပရာဒီပ်ကိုဒစ်ပီလီက လူပေါင်း ၁၈၂၇ ဦးကို ဘေးကင်းလုံခြုံသောနေရာများသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း မီဒီယာသို့ ပြောကြားသည်။**

နိုင်ငံမြောက်ပိုင်း၊ အလယ်ပိုင်း၊ အနောက်ပိုင်းနှင့် အနောက်မြောက်ပိုင်းဒေသများရှိ ပြည်သူများသည် ဆိုးရွားသော ရာသီဥတုအခြေအနေကို ကြုံတွေ့ခံစားနေရကြောင်း ပရာဒီပ်က ပြောကြားခဲ့သည်။ မိုးလေဝသဌာန၏ မေ ၂၁ ရက် ခန့်မှန်းချက်အရ အနောက်တောင်မုတ်သုံလေသည် နိုင်ငံတစ်ဝန်း တဖြည်းဖြည်း စတင်ဖြစ်ပေါ်လျက်ရှိသောကြောင့် မိုးရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်မှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း သိရသည်။

နိုင်ငံ၏ အနောက်ပိုင်း၊ ဆဘာရာဂါမူဝါနှင့် အနောက်မြောက်ပိုင်း ပြည်နယ်များ၊ ဂယ်လီ၊ မာတာရာ၊ ကန်ဒီနှင့် နူဝါရာ-အယ်လီယာ ဒေသများတွင် မိုးရေချိန်လက်မ ၁၀၀ မီလီမီတာအထက် မိုးရွာသွန်းမှုများဖြစ်ပွားနိုင်ကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## စပါးစိုက်ခင်းတွင် ပေါင်းပင်မြက်ပင်များ ရှင်းရန်အတွက် ဘဲများကို အခြေခံသော စက်ရုပ်တစ်မျိုး ဂျပန်အထက်တန်းကျောင်းတစ်ကျောင်းက စမ်းသပ်အသုံးပြု

**တိုကျို မေ ၂၁**




ဂျပန်နိုင်ငံ အလယ်ပိုင်း နာဂါနိုစီရင်စုမှ စိုက်ပျိုးမွေးမြူရေး လေ့လာနေသော အထက်တန်းကျောင်းသား ကျောင်းသူများသည် ဘဲများ၏ ပြုမူလုပ်ဆောင်ပုံကို အခြေခံကာ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သည့် နည်းလမ်းများကို အသုံးပြုသော စက်ရုပ် တစ်မျိုးကို စပါးစိုက်ခင်းများထဲတွင် စမ်းသပ်အသုံးပြုခဲ့ကြောင်း အင်န်အိတ်ချ်ကေသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံရှိ စပါးစိုက်လယ်သမားအချို့မှာ ၎င်းတို့၏ လယ်ကွင်းများထဲတွင် ပေါင်းပင်မြက်ပင်များကို ကြီးထွားမလာစေရန် ဘဲများကို အသုံးပြုကြကြောင်း သိရသည်။ နောက်ကျိသောရေများက နေရောင်ခြည်ရရှိမှုကို လျှော့ချကာ ပေါင်းပင်မြက်ပင်များ မကြီးထွားလာစေရန် ကူညီပေးသည်ဟုဆိုသည်။

ဓာတုပေါင်းသတ်ဆေး အသုံးပြုခြင်းမရှိဘဲ စပါးပင်များကြီးထွားလာနိုင်မလားဆိုသည်ကို သိရှိနိုင်ရန် တိုကျိုအခြေစိုက် စွန့်ဦးတီထွင်ကုမ္ပဏီက ထုတ်လုပ်ထားသော စက်ရုပ်တစ်မျိုးနှင့် အဇူမိနိုမြို့ရှိ မိနာမိယာဇူမိ စိုက်ပျိုးရေးအထက်တန်းကျောင်းက စမ်းသပ်သွားမည်ဖြစ်ကြောင်း သိရသည်။

မေ ၂၀ ရက်တွင် စက်ရုပ်ကုမ္ပဏီမှ အင်ဂျင်နီယာတစ်ဦးက ဒုတိယနှစ် ကျောင်းသား ကျောင်းသူ ၂၀ ကို စက်ရုပ်၏ စွမ်းဆောင်မှုနှင့် ပတ်သက်ပြီး အကျဉ်းချုံး ရှင်းပြခဲ့သည်ဟုဆိုသည်။

**အင်န်အိတ်ချ်ကေ**

## အစ္စရေးက ဂါဇာကမ်းမြောင်ကိုဆက်လက်တိုက်ခိုက် ပါလက်စတိုင်း သေဆုံးသူ ၃၅၆၄၇ ဦး ရှိလာ

**ဂါဇာ မေ ၂၁**

အစ္စရေးတို့က ဂါဇာကမ်းမြောင်ဒေသကို ဆက်လက် တိုက်ခိုက်လျက်ရှိသောကြောင့် ပါလက်စတိုင်း သေဆုံးသူပေါင်း ၃၅၆၄၇ ဦး အထိ ရှိလာပြီဖြစ်ကြောင်း ပါလက်စတိုင်းကျန်းမာရေးအာဏာပိုင်များက မေ ၂၁ ရက်က ထုတ်ပြန်သော သတင်းကြေညာချက်တွင် ဖော်ပြလိုက်သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အစ္စရေးတပ်ဖွဲ့က ပါလက်စတိုင်း ၈၅ ဦးကို သတ်ဖြတ်ခဲ့ပြီး ၂၀၀ ကို ဒဏ်ရာရစေခဲ့သောကြောင့် သေဆုံးသူပေါင်းမှာ ၃၅၆၄၇ ဦးအထိ တိုးလာခြင်းဖြစ်သည်။ အလားတူ ဒဏ်ရာရရှိသူပေါင်းမှာလည်း ၇၉၈၅၂ ဦးအထိ တိုးလာခဲ့သည်။

အစ္စရေးတပ်ဖွဲ့က ကြေညာချက်တွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ဂါဇာကမ်းမြောင်ဒေသ၌ ဒရုန်းနှင့် တိုက်ခိုက်ရေးယာဉ်များက အကြမ်းဖက်ပစ်မှတ် ၇၀ နီးပါးကို ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း၊ ပစ်မှတ်ထားတိုက်ခိုက်မှုများတွင် စစ်ဘက်အဆောက်အအုံများ၊ လက်နက်သိုလှောင်ရုံများ၊ ကုန်လှောင်ရုံများ၊ ဒုံးကျည်များ၊ ထောက်လှမ်းရေးယူနစ်များနှင့် တခြားစစ်ဘက်အဆောက်အအုံများ ပါဝင်ကြောင်း ပြောကြားခဲ့သည်။



အစ္စရေး တပ်ဖွဲ့ဝင်များသည် ဂါဇာကမ်းမြောင်ဒေသ မြောက်ပိုင်း ဂျာဗာလီယာဒေသရှိ စစ်သွေးကြွ အတော်များများကို ရှင်းလင်းခဲ့ကြောင်း ဖော်ပြခဲ့သည်။

ထို့အပြင် အစ္စရေးတပ်ဖွဲ့သည် ဂါဇာတောင်ဘက်စွန်းမြို့ ရာဖာတွင်လည်း စစ်ဆင်ရေးများ ဆက်လက်လုပ်ဆောင်လျက်ရှိရာ အစ္စရေးတပ်ဖွဲ့ဝင်များကို လက်နက်ကြီးများဖြင့် ပစ်ခတ်လျက်ရှိသော အကြမ်းဖက်သမားတစ်ဦးကို ဒရုန်းယာဉ်ဖြင့် ရှင်းလင်းနိုင်ခဲ့ကြောင်း ဖော်ပြခဲ့သည်။

အစ္စရေးတပ်ဖွဲ့သည် ဟားမားစ်တို့ကို လက်တုံ့ပြန်သောအားဖြင့် ဂါဇာကမ်းမြောင်ဒေသတွင် တိုက်ခိုက်မှုများ အကြီးအကျယ် လုပ်ဆောင်လျက်ရှိသည်။

**ဆင်ဟွာ**

## ဂျပန်နိုင်ငံတစ်ဝန်း ဇွန်လမှ သြဂုတ်လအထိ ပိုပူမည်

**တိုကျို မေ ၂၁** – ဂျပန်နိုင်ငံတစ်ဝန်းတွင် ဇွန်လမှ သြဂုတ်လအထိ ယခင်နှစ်ထက် ပိုပူလာမည်ဖြစ်ကြောင်း ဂျပန်မိုးလေဝသအရာရှိများက ပြောကြားခဲ့သည်။ မိုးလေဝသအေဂျင်စီက သုံးလကြိုတင်ခန့်မှန်းချက်ကို မေ ၂၁ ရက်က ထုတ်ပြန်ခဲ့သည်။ ပူနွေးစိုစွတ်သည့်လေများ ဂျပန်နိုင်ငံကို ဝင်ရောက်လာသောကြောင့် ပူပြင်းသည့်နွေရာသီကို ကြုံတွေ့နိုင်ကြောင်း အေဂျင်စီက ခန့်မှန်းထားသည်။ထို့အပြင် အယ်လ်နီညိုဖြစ်စဉ်အဆုံးသတ်က လေဖိအားမြင့်မားမှုကို ပိုမိုအားကောင်းစေကြောင်း အေဂျင်စီက ပြောသည်။ **အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်၌ ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၃၀၀၀၀ ကျော် ရေဘေးသင့်ဟု ကုလသမဂ္ဂပြော

**ကဘူးလ် မေ ၂၁**

ယခုနှစ်တွင် အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း ရေကြီးရေလျှံမှုကြောင့် လူပေါင်း ၃၀၀၀၀ ကျော် ရေဘေးသင့်မှုဖြစ်ပွားကြောင်း ကုလသမဂ္ဂက ပြောသည်။ ရေဘေးသင့်ပြည်သူများမှာ ခိုလှုံရာ အမိုးအကာ၊ ဆေးဝါးထောက်ပံ့မှု၊ အစားအစာ၊ ငွေကြေး၊ သန့်ရှင်းသော သောက်သုံးရေနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပစ္စည်းကိရိယာများ အရေးပေါ်လိုအပ်ကြောင်း ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာအေဂျင်စီက မေ ၂၀ ရက်တွင် ပြောသည်။

ထို့ပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ရေကြီးရေလျှံမှုဒဏ် အများဆုံးခံရသော အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်းဒေသများတွင် ရေကြောင့်ဖြစ်သောရောဂါများ၊ ဝမ်းပျက်ဝမ်းလျှောရောဂါများနှင့် အရေပြားကူးစက်ရောဂါများဖြစ်ပွားမှု မြင့်တက်လာကြောင်း ပြောသည်။

နောက်ဆုံးအကြိမ် မိုးသည်းထန်စွာရွာသွန်းမှုအတွင်း လူပေါင်း ၁၂၀ ထက်မနည်း သေဆုံးခဲ့ကြောင်းနှင့် မေ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် နိုင်ငံမြောက်ပိုင်း ဖာယပ်ဘ်ပြည်နယ်နှင့် အနောက်ပိုင်း ဂေါပြည်နယ်တို့တွင် ရုတ်တရက် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့ကြောင်း ဒေသတာဝန်ရှိသူ များက မေ ၁၉ ရက်တွင် ပြောသည်။

**ဆင်ဟွာ**



## စင်ကာပူလေကြောင်းလိုင်းလေယာဉ်တစ်စင်း လေထုမငြိမ်သက်မှုနှင့် ကြုံခဲ့ရပြီးနောက် တစ်ဦးသေဆုံးဟုဆို

**စင်ကာပူ မေ ၂၁**


လန်ဒန်မှ စင်ကာပူသို့ ပျံသန်းလာသော လေယာဉ်တစ်စင်းမှာ ပြင်းထန်သော လေထုမငြိမ်သက်မှုနှင့် ကြုံတွေ့ခဲ့မှုကြောင့် တစ်ဦးသေဆုံးပြီး အခြားအများအပြား ထိခိုက်ဒဏ်ရာရရှိကြောင်း စင်ကာပူလေကြောင်းလိုင်းကပြောသည်။ လေယာဉ်ခရီးစဉ်အမှတ် SQ321 သည် ဘန်ကောက်သို့လမ်းကြောင်းပြောင်းပြီး သုဝဏ္ဏဘူမိလေဆိပ်သို့အရေးပေါ်ဆင်းသက်ခဲ့ရကြောင်း တာဝန်ရှိသူများက ပြောသည်။ အဆိုပါလေယာဉ်ပေါ်၌ ခရီးသည် ၂၁၁ ဦးနှင့် လေယာဉ်အမှုထမ်း ၁၈ ဦး ပါရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



# သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ထွက်ရှိသော စာအုပ်များစာရင်း


## ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီး




မြန်မာစာပေလောကတွင် ဘူရိဒတ်လင်္ကာကြီးသည် အဟောင်းဆုံးလင်္ကာကြီးဖြစ်သောကြောင့် မျိုးဆက်သစ်စာဖတ်သူများ စာဟောင်းပေဟောင်းများကို ပြန်လည်ဖတ်ရှု၍ မှတ်သားဖွယ်ဗဟုသုတ ရရှိစေရန်နှင့် ရည်ညွှန်းကိုးကားနိုင်ရန်အတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်လင်္ကာကြီးကို ပြန်လည်ထုတ်ဝေဖြန့်ချိလိုက်ပါသည်။ အင်းဝခေတ် ဆရာတော်ရှင်မဟာရဋ္ဌသာရသည် အသက် ၁၆ နှစ်အရွယ်တွင် ဘူရိဒတ်လင်္ကာကြီးကို ရေးသားခဲ့သည်။ ထိုလင်္ကာကြီးသည် ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် ပါဝင်သော ဘူရိဒတ္တ၊ ဘူရိဒတ်ဇာတ်တော်ကို အခြေခံ၍ ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဘုရားရှင် ရှေးဘဝက ဘူရိဒတ်နဂါးမင်းဖြစ်စဉ် စည်းစိမ်ဥစ္စာကို စွန့်ကာ ကြီးစွာသောဆင်းရဲဒုက္ခခံ၍ သီလပါရမီကို ထိန်းသိမ်းဖြည့်ဆည်းတော်မူကြောင်း ဟောကြားထားသော ဇာတ်ဝတ္ထုကို ပျို့လင်္ကာအဖြစ် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဘူရိဒတ်ဇာတ်တော်တွင် ဘူရိဒတ်နဂါးမင်း၏ နဂရခန်း၊ ဥပုသ်ခန်း၊ အိပ်မက်ခန်း၊ အလမ္ပာယ်ခန်း၊ ဗြာဟ္မဏခန်းနှင့် နဂရပဝေခန်းဟူ၍ အခန်းခြောက်ခန်းဖြင့် ဖွဲ့ဆိုထားသဖြင့် ဘူရိဒတ်လင်္ကာကြီးဟု အမည်ပေးထားသည်။ ထိုစာအုပ်သည် စာဖတ်သူများအတွက် မှတ်သားဖွယ်ရာကောင်းသော ဗဟုသုတများရရှိမည့် စာအုပ်ဖြစ်ပါသည်။

**တန်ဖိုးငွေကျပ် – ၆၅၀၀ိ/–**

## ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့




စာဆိုတော် ဆရာတော်ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့ကို ဂုဏ်ပြုပူဇော်သောအားဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ရှင်မဟာရဋ္ဌသာရ၏ ဘူရိဒတ်ဇာတ်ပေါင်းပျို့စာအုပ်အား ပြန်လည်ထုတ်ဝေလိုက်ပါသည်။

ဘူရိဒတ်ဇာတ်ပေါင်းပျို့သည် အင်းဝခေတ် ဆရာတော်ရှင်မဟာရဋ္ဌသာရ အသက် ၂၆ နှစ်အရွယ်တွင် ရေးသားခဲ့သော လင်္ကာကြီးဖြစ်သည်။ မဟာနိပါတ်၊ ဘူရိဒတ္တဇာတ်ကို ပြန်ဖွဲ့ထားသောပျို့ဖြစ်ပြီး ဘူရိဒတ်လင်္ကာကြီး၏ အဆက်ဖြစ်သည်။ ပျို့အစ၌ ဘူရိဒတ်လင်္ကာကြီးတွင် ဖွဲ့ဆိုထားသော ဇာတ်လမ်းအကျဉ်းကို လိုရင်းအချက်များဖြင့် ဖော်ပြထားသည်။ ဘူရိဒတ်ဇာတ်ပေါင်းပျို့တွင် ဇာတ်ဝင် ကိုးဦးတို့၏ ဇာတ်ကြောင်းများကို မကျဉ်းမကျယ်ဖွဲ့ဆိုထားပြီး ဇာတ်လမ်းကိုလိုက်၍ သနားဖွယ်ရာ၊ ထိတ်လန့်ဖွယ်ရာ၊ တရားရဖွယ်ရာ၊ မြတ်နိုးဖွယ်ရာ၊ ကြောက်ရွံ့ဖွယ်ရာ၊ ကြမ်းကြုတ်ဖွယ်ရာ၊ မနှစ်မြို့ဖွယ်ရာ စသည့်အဖွဲ့အဆိုများကို တွေ့ရမည်ဖြစ်ပါသည်။ စာဖတ်သူများအနေဖြင့် စာဆို ရှင်မဟာရဋ္ဌသာရ၏ ပျို့ လင်္ကာအရေးအဖွဲ့များကို သုတ၊ ရသ ပြည့်စုံစွာဖတ်ရှုလေ့လာနိုင်မည့် စာအုပ်ဖြစ်ပါသည်။

**တန်ဖိုးငွေကျပ် – ၆၀၀၀ိ/–**

## ရှင်မဟာရဋ္ဌသာရ၏ ဂမ္ဘီသာရပျို့





အနာဂတ်မျိုးဆက်သစ် လူငယ်များအနေဖြင့် မြန်မာစာကို ချစ်ခင်မြတ်နိုးတန်ဖိုးထားတတ်လာစေရန်၊ မြန်မာစာပေသမိုင်းတွင် ဂုဏ်ကျေးဇူးကြီးမားလှသော အင်းဝခေတ်စာဆို ရှင်မဟာရဋ္ဌသာရ၏ စာကောင်းပေမွန်များကို တန်ဖိုးထားလေ့လာသိရှိနိုင်စေရန် ရှင်မဟာရဋ္ဌသာရ ရေးသားပြုစုစီရင်သော ဂမ္ဘီသာရပျို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ပြန်လည်ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

ဂမ္ဘီသာရပျို့သည် အမျိုးလေးပါးဟု ဆိုအပ်သော အုပ်ချုပ်သူလူတန်းစား (ရာဇမင်းမျိုး)၊ တတ်သိပညာရှင်လူတန်းစား (ဗြဟ္မဏပုဏ္ဏားမျိုး)၊ ကူးသန်းရောင်းဝယ်စားသောက်သော လူတန်းစား (အသည်မျိုး)နှင့် သာမန်လက်လုပ်လက်စားလူတန်းစားများ (သူဆင်းရဲမျိုး) တို့အား ကိုယ်ကျင့်တရားကောင်းမွန်လာစေရန် ပြုပြင်ပေးသောပျို့ဖြစ်သည်။ အမျိုးလေးပါးတို့အား သွန်သင်ဆုံးမဩဝါဒစကား မှာကြားရန် ကျင့်ဖွယ်ဝတ္တရားအမျိုးမျိုးကို ကျမ်းအစောင်စောင်တို့မှ ထုတ်နုတ်၍ ရေးသားထားသော ဆုံးမစာကျမ်းဖြစ်သဖြင့် ယနေ့တိုင် အသုံးပြုကြရသည့်ပျို့လည်းဖြစ်သည်။ ထိုကဲ့သို့ ဆုံးမစာများကို ဖတ်ရှုရသည့်အတွက် စာဖတ်သူများအနေဖြင့် မြင့်မားသော အသိဉာဏ်ပညာများကို ရရှိစေမည့်စာအုပ်ဖြစ်သည်။

**တန်ဖိုးငွေကျပ် – ၄၀၀၀ိ/–**

## ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့




မြန်မာစာပေသည် ပုဂံခေတ်တွင် စတင်ပေါ်ပေါက်လာခဲ့ပြီး အင်းဝခေတ်ရောက်သောအခါ ရဟန်းစာဆိုများ၏ ကြိုးပမ်းမှုကြောင့် ခေတ်စမ်းစာပေတိုးတက်လာခဲ့သည်။ ထိုရဟန်းစာဆိုများအနက် ရှင်မဟာရဋ္ဌသာရ၏ မားမားမတ်မတ်ရပ်တည်မှုကြောင့် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ခဲ့သဖြင့် ဆရာတော်အား ကျေးဇူးဆပ်ဂုဏ်ပြုသည့်အနေဖြင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ ရှင်မဟာရဋ္ဌသာရ၏ သံဝရပျို့အား ပြန်လည်ထုတ်ဝေသဖြင့် ထွက်ရှိလာပြီဖြစ်ပါသည်။

သံဝရပျို့သည် ရှင်မဟာရဋ္ဌသာရ အသက် ၆၁ နှစ်အရွယ် သက္ကရာဇ် ၈၉၁ ခုတွင် နောက်ဆုံးရေးသားပြုစုခဲ့သောပျို့ဖြစ်သည်။ ဆရာတော်သည် ဆင်ဖြူရှင်သတိုးမင်းစော၏ သားတော် ဘုရင်ထွေးကို သံဝရဇာတ်တော်လာ သံဝရမင်းသားနှင့် ခိုင်းနှိုင်း၍ ဆုံးမသွန်သင်လိုသောစေတနာဖြင့်လည်းကောင်း၊ ဆရာတော်အပေါ် ပြုထားသောကျေးဇူးကို ပြန်ဆပ်လို၍လည်းကောင်း၊ ညီအစ်ကိုအချင်းချင်း စည်းလုံးညီညွတ်ချစ်ခင်စေရန်အတွက်လည်းကောင်း ရေးသားပြီး ပြည်ဘုရင်ထွေးအား ဆက်သသောပျို့ဖြစ်သည်။ ပျို့တစ်ခုလုံးတွင် အဖိုးထိုက်တန်လှသော ဆုံးမစကားများကို လောကအရေး၊ ရာဇအရေးများဖြင့်နှယ်၍ ရေးဖွဲ့ထားသဖြင့် စာဖတ်သူများအား အသိပညာဗဟုသုတများစွာ ရရှိနိုင်မည့်စာအုပ်ဖြစ်ပါသည်။

**တန်ဖိုးငွေကျပ် – ၄၀၀၀ိ/–**

၎င်းစာအုပ်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန၊ နေပြည်တော်၊ ရုံးအမှတ်(၃၅)၊ ဖုန်း ၀၆၇–၄၀၈၃၈၄၊ ၀၆၇–၄၀၈၇၁၈၊ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၊ ကုမုဒြာကြာပန်းဝိုင်းအနီး၊ ဖုန်း ၀၆၇–၄၁၈၄၂၆၊ သမိုင်းသုတေသနဌာနခွဲ (ရန်ကုန်) အမှတ် (၈၅–အေ)၊ သီရိမင်္ဂလာရိပ်သာလမ်းသွယ်၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း– ၀၉ ၄၂၀၀၄၇၁၂၄ နှင့် အမျိုးသားစာကြည့်တိုက် (ရန်ကုန်) အမှတ် (၆၀၄/၆၀၈)၊ ၃၁ လမ်းနှင့် ၃၂ လမ်းကြား၊ ကုန်သည်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း–၀၁ ၈၃၇၉၂၉၄ တို့တွင် ဖြန့်ချိထားပြီး တိုက်ရိုက်ဆက်သွယ် ဝယ်ယူရရှိနိုင်ပါသည်။

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် မေ ၂၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“မိဘများ၏ အတ္တစွဲကြောင့် စာသင်ကျောင်းနှင့် ပိုမိုဝေးကွာခဲ့ရသော မြန်မာပြည်မှ အနာဂတ်လူငယ်များ”** ခေါင်းစဉ်ဖြင့် မေ ၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“စုပေါင်းကာကွယ် သဘာဝဘေးအန္တရာယ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉–၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကိုလျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ မြန်မာအသင်းများ ဆီမီးတွင် အရေးနိမ့်ပြီး ပူးတွဲတတိယဖြင့် ကျေနပ်ခဲ့ရ

**ရန်ကုန် မေ ၂၁**

ISTAF World Cup 2024 ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၁ ရက်က မလေးရှားနိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာပိုက်ကျော်ခြင်းအသင်းသည် နှစ်ယောက်တွဲနှင့် သုံးယောက်တွဲပြိုင်ပွဲ နှစ်ခုစလုံးတွင် ဗိုလ်လုပွဲနှင့် လွဲချော်ကာ ပူးတွဲတတိယနေရာဖြင့် ကျေနပ်ခဲ့ရသည်။

နှစ်ယောက်တွဲပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ် အနိုင်ရရှိကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင် မြန်မာအသင်းသည် အိမ်ရှင်မလေးရှားအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ် အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ခဲ့ခြင်းဖြစ်သည်။

သုံးယောက်တွဲ ပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် မြန်မာအသင်းသည် အင်ဒိုနီးရှား အသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ် အနိုင်ရသဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်တွင်လည်း အိမ်ရှင် မလေးရှားအသင်းနှင့် တွေ့ဆုံခဲ့ပြီး နှစ်ပွဲပြတ် အရေးနိမ့်ခဲ့သဖြင့် ဗိုလ်လုပွဲနှင့် လွဲချော်ကာ ပူးတွဲတတိယဆုဖြင့် ကျေနပ်ခဲ့ရသည်။ မြန်မာအသင်းသည် ပထမပွဲငယ်တွင် ၁၅–၃ မှတ်၊ ဒုတိယပွဲငယ်တွင် ၁၅–၁၁ မှတ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

မြန်မာ အသင်းသည် သုံးယောက်တွဲ အသင်းလိုက်ပြိုင်ပွဲ ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

**ညီမြတ်သော်တာ**





# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား လူသစ်တန်း၊ သက်ငယ်တန်းဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲဖွင့်

**ရန်ကုန် မေ ၂၁**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား လူသစ်တန်း၊ သက်ငယ်တန်းဖိတ်ခေါ် ဂျူဒိုပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်က ရန်ကုန်မြို့ သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ (၁) သုဝဏ္ဏ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

ဦးစွာရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးများနှင့် ပြိုင်ပွဲဝင်အသင်းများကို လိုက်လံနှုတ်ဆက်ကာ လက်ဆောင်ပစ္စည်းများ ပေးကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပထမနေ့ အမျိုးသား၊ အမျိုးသမီးကီလိုတန်းလိုက် ရှုံးထွက်ပွဲနှင့် ပတ်လည်ပြိုင်ပွဲများကို ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

**ပွဲစဉ်ပေါင်း ၅၀၀ ကျော် ကျင်းပမည်**

အဆိုပါပြိုင်ပွဲတွင် အသင်း ၁၁ သင်း ပါဝင်ပြီး အားကစားသမား ၂၀၀ ခန့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကာ ပွဲစဉ်ပေါင်း ၅၀၀ ကျော်ကို မေ ၂၅ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲသည် နေပြည်တော်တွင် ဇွန် ၄ ရက်မှ ၇ ရက်အထိ ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဂျူဒိုပြိုင်ပွဲအတွက် ယခုပြိုင်ပွဲမှ အကောင်းဆုံးအားကစားသမားများကို ရွေးချယ်ပြီး ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **အာကာစိုး**

# ASEAN Mitsubishi Electric Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲပြုလုပ်ပြီး မြန်မာအသင်း အုပ်စု(ခ)တွင် ကျရောက်

**ရန်ကုန် မေ ၂၁**

၂၀၂၄ ASEAN Mitsubishi Electric Cup ပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို မေ ၂၁ ရက်က ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့၌ ကျင်းပရာ မြန်မာအသင်းသည် အုပ်စု (ခ) တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ လာအိုအသင်းတို့နှင့် ကျရောက်ခဲ့သည်။

၂၀၂၄ ASEAN Mitsubishi Electric Cup ပြိုင်ပွဲကို ပြီးခဲ့သည့် ၂၀၂၂ ပြိုင်ပွဲပုံစံအတိုင်း ကျင်းပမည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် အသင်း စုစုပေါင်း ၁၀ သင်းဖြင့် ငါးသင်း နှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု (က) တွင် လက်ရှိချန်ပီယံ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ ခြေစစ်ပွဲအောင်အသင်း၊ အုပ်စု(ခ)တွင် ဗီယက်နမ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မြန်မာနှင့် လာအိုအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် ၂၀၂၂ ပြိုင်ပွဲ အုပ်စုအဆင့်တွင် တစ်အုပ်စုတည်း ကျရောက်ခဲ့သည့် ဗီယက်နမ်၊ လာအိုအသင်းတို့နှင့် ပြန်လည်တွေ့ဆုံနေသည်။ ပြိုင်ပွဲဝင်အသင်းများအနေဖြင့် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲ ကစားရမည်ဖြစ်သည်။ ယခုနှစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၃ ရက်မှ ဒီဇင်ဘာ ၂၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ခြေစစ်ပွဲကို စက်တင်ဘာ ၇၊ ၁၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ယင်းပြိုင်ပွဲတွင် အရှေ့တောင်အာရှ ၁၁ နိုင်ငံစလုံး ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး အဆင့်သတ်မှတ်ချက် အနိမ့်ဆုံးဖြစ်သည့် တီမောအသင်းနှင့် ဘရူနိုင်းအသင်းတို့မှာ ခြေစစ်ပွဲကစားရမည်ဖြစ်ပြီး အနိုင်ရသည့် တစ်သင်းသာ နောက်ဆုံးအဆင့် ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။



ယင်းပြိုင်ပွဲတွင် ထိုင်းအသင်းက ချန်ပီယံ ခုနစ်ကြိမ်ဖြင့် အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေပြီး စင်ကာပူအသင်းက လေးကြိမ်၊ ဗီယက်နမ်အသင်းက နှစ်ကြိမ်၊ မလေးရှားအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ မြန်မာအသင်းသည် ၂၀၀၄ နှင့် ၂၀၁၆ ပြိုင်ပွဲနှစ်ကြိမ်သာ ဆီမီးဖိုင်နယ် တက်ရောက်ဖူးကြောင်း သိရသည်။ မြန်မာအသင်းသည် နောက်ဆုံးကျင်းပသည့် ၂၀၂၂ ပြိုင်ပွဲတွင် အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ-AFF**

# MNL Cup ပြိုင်ပွဲတွင် အား/ကာသိပ္ပံနှင့် ရတနာပုံအသင်း အရေးနိမ့်သော်လည်း ဆီမီးတက်ခွင့် လက်ကျန်တစ်နေရာ ရတနာပုံအသင်း ရယူ

**ရန်ကုန် မေ ၂၁**

၂၀၂၄ ရာသီ MNL Cup ပြိုင်ပွဲ အုပ်စု (ဂ၊ ဃ) နောက်ဆုံးနေ့ကို မေ ၂၁ ရက်က ဆက်လက်ကျင်းပရာ ဆီမီးဖိုင်နယ် တက်ရောက်ခွင့် တစ်နေရာကို ရတနာပုံအသင်း ရယူနိုင်ခဲ့သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသည့်ပွဲတွင် မြဝတီအသင်းက အား/ကာသိပ္ပံအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်း အရေးနိမ့်ခဲ့သဖြင့် အား/ကာသိပ္ပံအသင်းသည် သရေကစားနိုင်ရုံဖြင့် ဆီမီးတက်မည်ဖြစ်သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့သဖြင့် ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့သည်။ မြဝတီအသင်းသည် ဆီမီးတက်ခွင့် မျှော်လင့်ချက် မရှိသော်လည်း နောက်ဆုံးပွဲတွင် နိုင်ပွဲရယူနိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားများဖြင့် ပွဲထွက်လာပြီး ၁၇ မိနစ်တွင် ကောင်းစည်သူက မြဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သဖြင့် အား/ကာသိပ္ပံအသင်း နောက်မှလိုက်ကစားခဲ့ရသည်။ မြဝတီအသင်းအတွက် ဒုတိယအနိုင်ဂိုးကို ၇၈ မိနစ်တွင် သန့်ဇင်အောင်တို့က သွင်းယူခဲ့သည်။

တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက ရတနာပုံအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရတနာပုံအသင်းသည် သစ္စာအားမာန်အသင်းကို အရေးနိမ့်ခဲ့သော်လည်း နောက်တစ်ဆင့်တက်ရန် မျှော်လင့်ချက်ရှိသည့် အား/ကာသိပ္ပံအသင်းမှာလည်း အရေးနိမ့်ခဲ့သဖြင့် ဆီမီးဖိုင်နယ်တက်ခွင့် လက်ကျန်တစ်နေရာကို ရယူနိုင်ခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဟံသာဝတီယူနိုက်တက်အသင်း ဂိုးမရှိ သရေကျခဲ့သည်။ ပဒုမ္မာကွင်း၌ ကျင်းပသည့်ပွဲတွင် ရောဝတီယူနိုက်တက်အသင်းနှင့် Dagon Port အသင်း တစ်ဂိုးစီ သရေကျခဲ့သည်။

အုပ်စု (ဂ) တွင် ဒဂုံစတားယူနိုက်တက်အသင်းက ရမှတ် ၂၀ ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး ဟံသာဝတီအသင်းက ၁၆ မှတ်၊ ရောဝတီယူနိုက်တက်အသင်းက ၁၃ မှတ်၊ Dagon Port အသင်းက ရှစ်မှတ်ရခဲ့ပြီး ငွေကြယ်ပွင့်အသင်းက ရှစ်ပွဲစလုံးရှုံးကာ အမှတ်မရခဲ့ပေ။

အုပ်စု(ဃ)တွင် ရတနာပုံအသင်းက ၁၆ မှတ်ဖြင့် ဆီမီးဖိုင်နယ် တက်ရောက်ခဲ့ပြီး အား/ကာသိပ္ပံအသင်းက ၁၅ မှတ်၊ သစ္စာအားမာန်အသင်းက ၁၄ မှတ်၊ မြဝတီအသင်းက ၁၀ မှတ်၊ ရက္ခပူရယူနိုက်တက်အသင်းက တစ်မှတ်ရရှိခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၂၅၊ ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး ရန်ကုန်ယူနိုက်တက်အသင်းနှင့် ရတနာပုံအသင်း၊ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်**

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# မိုးကြီးမည့်သတိပေးချက်

**နေပြည်တော် မေ ၂၁**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ မေ ၂၃ ရက်မှ ၂၇ ရက်အတွင်း ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် လည်းကောင်း၊ မုတ်သုံလေ ဝင်ရောက်လာနိုင်ခြင်းကြောင့် လည်းကောင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့နေရာများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်းများ ဖြစ်ပေါ်နိုင်သည်။

မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ကိုးပေမှ ၁၂ ပေခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၄၅ မိုင်မှ ၅၅ မိုင်အထိ တိုက်ခတ်နိုင်ပြီး လှိုင်းအမြင့်မှာ ၁၃ ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်လာနိုင်သည့် လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့်လည်းကောင်း၊ မုတ်သုံလေ ဝင်ရောက်လာနိုင်ခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မိုး/ဇလ**

## နေ့အပူချိန်မြင့်မားခဲ့သောစခန်းများ၏ ၂၁-၅-၂၀၂၄ ရက်နေ့ အမြင့်ဆုံးနေ့အပူချိန်များ

| စဉ် | တိုင်းဒေသကြီး/ပြည်နယ်များရှိမြို့များ | အမြင့်ဆုံးအပူချိန် ဒီဂရီဆဲလ်စီးယပ် | အမြင့်ဆုံးအပူချိန် ဒီဂရီဖာရင်ဟိုက် |
|---|---|---|---|
| ၁။ | အမ်း | ၄၀.၅ | ၁၀၄.၉ |
| ၂။ | ချောက် | ၃၉.၉ | ၁၀၃.၈ |
| ၃။ | မင်းဘူး | ၃၉.၅ | ၁၀၃.၁ |
| ၄။ | ညောင်လေးပင် | ၃၉.၄ | ၁၀၂.၉ |
| ၅။ | ကလေးဝ | ၃၈.၇ | ၁၀၁.၇ |
| ၆။ | အောင်လံ | ၃၈.၃ | ၁၀၀.၉ |
| ၇။ | သံတွဲ | ၃၈.၂ | ၁၀၀.၈ |
| ၈။ | ပြည် | ၃၈.၂ | ၁၀၀.၈ |
| ၉။ | မကွေး | ၃၈.၁ | ၁၀၀.၆ |
| ၁၀။ | ဟုမ္မလင်း | ၃၈.၀ | ၁၀၀.၄ |
| ၁၁။ | မင်းကင်း | ၃၈.၀ | ၁၀၀.၄ |
| ၁၂။ | တောင်တွင်းကြီး | ၃၈.၀ | ၁၀၀.၄ |
| ၁၃။ | သာယာဝတီ | ၃၈.၀ | ၁၀၀.၄ |
| ၁၄။ | ကြို့ပင်ကောက် | ၃၈.၀ | ၁၀၀.၄ |
| ၁၅။ | ဟသ်ာတ | ၃၈.၀ | ၁၀၀.၄ |
| ၁၆။ | မြောင်းမြ | ၃၈.၀ | ၁၀၀.၄ |

# လူငယ်များ စာရင်းရေး စာရင်းကိုင်သက်မွေးမှုနဲ့ ရပ်တည်နိုင်အောင် သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်းများသို့ တက်ရောက်ပါ

အောင်သူရ(သမဝါယမ)

နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးအတွက်နိုင်ငံတော်က သက်ဆိုင်ရာကဏ္ဍအသီးသီးမှ လူငယ်လူရွယ်များ၏ အနာဂတ်အတွက် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန် ဖန်တီးပုံဖော်ပေးလျက်ရှိပါသည်။

**သင်တန်းကာလနှစ်နှစ်ဖြင့် ပြောင်းလဲတိုးမြှင့်ဖွင့်လှစ်**

ယင်းသို့ဖော်ဆောင်ရာတွင် သမဝါယမကဏ္ဍအနေဖြင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ဦးဆောင်မှုဖြင့် ယခင်ကဌာနဝန်ထမ်းများ၊ အသင်းဝန်ထမ်းများ၊ အသင်းအမှုဆောင်များနှင့် ပြင်ပသင်တန်းသားများအတွက် ရုံးလုပ်ငန်း၊ စာရင်းကိုင်နှင့် ကွန်ပျူတာဘာသာရပ်များကိုသာ ရက်တိုသင်တန်းများဖွင့်လှစ်၍ သင်ကြားပို့ချပေးခဲ့သော သမဝါယမဦးစီးဌာနအောက်ရှိ သမဝါယမကူးသန်းရောင်းဝယ်ရေးသင်တန်းကျောင်း (ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်)နှင့် သမဝါယမသင်တန်းကျောင်း(မန္တလေး၊ မကွေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်)တို့ကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ခွင့်ပြုချက်ဖြင့် သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း (Cooperative Accounting Vocational Training Center – CAVTC ) (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်)တို့ကို ၁၆–၆–၂၀၂၂ နေ့တွင် စာရင်းကိုင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သော ကျောင်းများကို သင်တန်းကာလနှစ်နှစ်ဖြင့် ပြောင်းလဲတိုးမြှင့်ဖွင့်လှစ်ပေးခဲ့ရာ သင်တန်းအပတ်စဉ် နှစ်ကြိမ်အထိ ဖွင့်လှစ်ပေးနိုင်ခဲ့ပြီ ဖြစ်ပါသည်။

သင်တန်းနှင့်သင်တန်းသားတို့၏ အရည်အသွေးပိုမိုတိုးတက်စေရန်ရည်ရွယ်၍ ယခု ၂၀၂၄ –၂၀၂၅ ပညာသင်နှစ်မှစ၍ အဆိုပါသင်တန်းကျောင်းများကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနအောက်ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်းများကဲ့သို့လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအောက်ရှိ နည်းပညာအထက်တန်းကျောင်းများကဲ့သို့လည်းကောင်း၊ မူဝါဒအားဖြင့် တစ်ပြေးညီဖြစ်စေရန်နှင့် ပညာရေးဝန်ကြီးဌာန၏ KG+12 စနစ်သစ်ပညာရေး၏ မူအတိုင်းလိုက်နာကာ သုံးနှစ်သင်တန်းကို တိုးမြှင့်ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါသင်တန်းကျောင်းများသို့ အခြေခံပညာစနစ်သစ်၏ Grade–9 အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး သင်တန်းပြီးဆုံးပါက လက်မှတ်ရစီးပွားရေးစာရင်းကိုင်ပညာ (Certificate in Business Accounting) လက်မှတ်ကို ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပါသည်။

အဆိုပါကျောင်းများကို ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်မှာ ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသူများကို စာရင်းရေးစာရင်းကိုင်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုနိုင်စေရန်နှင့် ထူးချွန်သူများကို သမဝါယမကောလိပ်များသို့ ပေါင်းကူးပညာဆက်လက်သင်ယူနိုင်သည့် အခွင့်အလမ်းများ ဖန်တီးပေးရန်ဖြစ်ပါသည်။ ထိုကျောင်းများသို့ ဒေသအသီးသီးရပ်နီးရပ်ဝေးမှ လာရောက်ပညာသင်ယူကြသူများကို စားဝတ်နေရေး အဆင်ပြေစေရန် စားသောက်ရေးကိစ္စ၊ ဝတ်ဆင်ရေးကိစ္စ၊ အဆောင်နေထိုင်ရေးကိစ္စများ၊ ပြဋ္ဌာန်းစာအုပ်များနှင့် သင်ထောက်ကူပစ္စည်းများကို နိုင်ငံတော်က ထောက်ပံ့ပေးသည့်အပြင် ကျောင်းတည်ရှိရာ ဒေသများရှိ သမဝါယမအသင်းစုချုပ်များကလည်း ပံ့ပိုးထောက်ပံ့ပေးလျက်ရှိပါသည်။



သမဝါယမစာရင်းရေး စာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား စိန်ရတုပြတိုက်သို့ လေ့လာရေးသွားရောက်စဉ်။

ယင်းသင်တန်းကျောင်းများတွင် စာသင်ချိန်များအပြင် သင်တန်းသားများ ကျန်းမာကြံ့ခိုင်ရေးအတွက် ကာယအချိန်များ၊ ယုံကြည်ကိုးကွယ်ရာ ဘာသာရေးအတွက် စုပေါင်းဘုရားဝတ်ပြုခြင်းများ၊ ကိုယ်ပိုင်စာကြည့်ချိန်များ၊ ထမင်းစားချိန်များ၊ ကျောင်းသန့်ရှင်းရေး ဆောင်ရွက်မှုများကိုလည်း စည်းစနစ်ကျနစွာ စုပေါင်းဆောင်ရွက်စေပါသည်။ သင်တန်းသား သင်တန်းသူများ၏ အိပ်ဆောင်များကိုလည်း သီးခြားထားရှိ၍ တိကျသော စည်းမျဉ်းစည်းကမ်းများဖြင့် ဆရာ ဆရာမများ၊ အုပ်ချုပ်သူများမှ မိသားစုသဖွယ် စည်းလုံးညီညွတ်စွာဖြင့် ကျောင်း၏ဂုဏ်သတင်းမပျက်ယွင်းစေဘဲ ရေရှည်တည်တံ့အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

> **“သင်တန်းကျောင်းများတွင် စာသင်ချိန်များအပြင် သင်တန်းသားများ ကျန်းမာကြံ့ခိုင်ရေးအတွက် ကာယအချိန်များ၊ ယုံကြည်ကိုးကွယ်ရာ ဘာသာရေးအတွက် စုပေါင်းဘုရားဝတ်ပြုခြင်းများ၊ ကိုယ်ပိုင်စာကြည့်ချိန်များ၊ ထမင်းစားချိန်များ၊ ကျောင်းသန့်ရှင်းရေး ဆောင်ရွက်မှုများကိုလည်း စည်းစနစ်ကျနစွာ စုပေါင်းဆောင်ရွက်စေပါသည်။ သင်တန်းသား သင်တန်းသူများ၏ အိပ်ဆောင်များကိုလည်း သီးခြားထားရှိ၍ တိကျသော စည်းမျဉ်းစည်းကမ်းများဖြင့် ဆရာ ဆရာမများ၊ အုပ်ချုပ်သူများမှ မိသားစုသဖွယ် စည်းလုံးညီညွတ်စွာဖြင့် ကျောင်း၏ ဂုဏ်သတင်းမပျက်ယွင်းစေဘဲ ရေရှည်တည်တံ့အောင် ပူးပေါင်းဆောင်ရွက်လျက်ရှိ”**

**ဆက်လက်ပညာသင်ကြားခွင့်ရရှိမည်**

ထိုသို့တိုးမြှင့်ဖွင့်လှစ်ခြင်းဖြင့် ပညာရေးဝန်ကြီးဌာန၏ Grade–10, Grade–11, Grade–12 ၏ ဘာသာရပ်အချို့တို့ကို သင်ကြားတတ်မြောက်သည့်အပြင် ကျောင်း၏ အဓိကဘာသာရပ်များဖြစ်သော ကွန်ပျူတာ၊ ICT ဘာသာရပ်များ၊ Cost Accounting၊ Financial Accounting၊ Computerized Accounting နှင့် သမဝါယမစာရင်းကိုင်စာရင်းစစ် ဘာသာရပ်များကိုပါ အချိန်ကာလသုံးနှစ်တွင် သင်ယူတတ်မြောက်သွားမည်ဖြစ်ပြီး သတ်မှတ်ထားသောအရည်အချင်းများပြည့်မီပါက သမဝါယမကောလိပ်(မန္တလေး၊ ဖောင်ကြီး)နှင့် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (သန်လျင်၊ စစ်ကိုင်း)တို့ကိုပေါင်းကူး၍ ဆက်လက်ပညာသင်ကြားခွင့် ရရှိမည် ဖြစ်ပါသည်။

သင်တန်း၏ ပထမနှစ်တွင် အခြေခံကွန်ပျူတာဘာသာရပ် (Introduction to Computer and ICT) ကို သင်ကြားရမည့်အပြင် စာရင်းကိုင်ပညာ၏ ကနဦးစာရင်းရေးသွင်းမှုမှအစပြု၍ နှစ်ချုပ်အစမ်းရှင်းတမ်း ရေးသွင်းတွက်ချက်မှု(Business Accounting) ဘာသာ၊ သမဝါယမပညာ၊ အခြေခံပညာ၏ Grade –10 သင်ရိုးဖြစ်သော မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒဘာသာရပ်များအပြင် ကျောင်းသား၊ ကျောင်းသူများ၏ စိတ်ဓာတ်ကောင်းမွန်ရန်နှင့် စည်းလုံး ညီညွတ်စေရန်အတွက် ပြည်သူ့နီတိ (ပြည်ထောင်စုစိတ်ဓာတ်) သင်ခန်းစာများကိုလည်း ပို့ချသင်ကြားပေးမည် ဖြစ်ပါသည်။

**လက်တွေ့သင်ခန်းစာများကို အချိန်များများ ပါဝင်ထည့်သွင်းပို့ချ**

သင်တန်း၏ ဒုတိယနှစ်တွင် တန်ဖိုးတွက်စာရင်းကိုင်ပညာ (Cost Accounting (I))၊ ဘဏ္ဍာရေးစာရင်းကိုင်ပညာ(Financial Accounting (I))၊ Fundamentals of ICT၊ သမဝါယမစာရင်းကိုင်ပညာဘာသာရပ်များကို သင်ကြားပို့ချပေးမည်ဖြစ်သည့်အပြင် လက်တွေ့လုပ်ငန်းခွင်များတွင် သွားရောက်လေ့လာလုပ်ကိုင်ရမည့် လက်တွေ့သင်ခန်းစာများကို အချိန်များများ ပါဝင်ထည့်သွင်းပို့ချစေပါသည်။ ဒုတိယနှစ်သင်တန်း ပြီးမြောက်သည်နှင့် အခြေခံပညာ၏ Grade –11 သင်ရိုးဖြစ်သော

*စာမျက်နှာ ၁၇ သို့*





သမဝါယမစာရင်းရေး စာရင်းကိုင်သက်မွေးပညာသင်တန်းကျောင်း(မကွေး)နှင့် (မန္တလေး)မှ သင်တန်းသား သင်တန်းသူများ ပညာသင်ယူနေမှုကို တွေ့ရစဉ်။



## လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် အခြေခံကွန်ပျူတာသင်တန်းများကို ရည်ရွယ်ချက်ကောင်းများစွာဖြင့် ဖွင့်လှစ်ပို့ချ

**မော်လမြိုင် မေ ၂၁**
မွန်ပြည်နယ်တွင် လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်မည့် အစီအစဉ်အဖြစ် မော်လမြိုင်တက္ကသိုလ် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၀ ရက်က မော်လမြိုင်တက္ကသိုလ် ပင်မခန်းမဆောင် အခန်း(၁၅)၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခ၊ တွဲဖက်ပါမောက္ခ၊ ကထိကများ၊ သင်တန်းသူသင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မွန်ပြည်နယ်အနေဖြင့် အရည်အချင်းမီ၊ အဆင့်အတန်းမီ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးစနစ်ကို ဖော်ဆောင်နိုင်ရေး အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း၊ နွေရာသီကျောင်းပိတ်ရက်ကာလ လူငယ်ကဏ္ဍဆိုင်ရာကိစ္စရပ်များ အရှိန်တိုးမြှင့်ဆောင်ရွက်နိုင်ရေးအတွက် အခြေခံကွန်ပျူတာသင်တန်းများကို ရည်ရွယ်ချက်ကောင်းများစွာဖြင့် ဖွင့်လှစ်ပို့ချရခြင်းဖြစ်ကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်ရန် လူငယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်စေရန်၊ နည်းပညာဆိုင်ရာ တီထွင်ဖန်တီးသူများ၊ ဆန်းသစ်တီထွင် ပြောင်းလဲပေးသူများ၊ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ပေးနိုင်သော လူငယ်အင်အားစုများ ပေါ်ထွန်းလာစေရန် ဖန်တီးပုံဖော်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် ပါမောက္ခချုပ်က သင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် သင်တန်းသား သင်တန်းသူများ အခြေခံကွန်ပျူတာသင်တန်း စာတွေ့လက်တွေ့ သင်ကြားနေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး**(အပေါ်ပုံ)** အဆိုပါ အခြေခံကွန်ပျူတာသင်တန်းကို မေ ၂၀ ရက်မှ ၃၁ ရက်အထိ သင်တန်းသား သင်တန်းသူ ၃၀ ဖြင့် သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**

## KNDF အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများ ဖောက်ခွဲဖျက်ဆီးခဲ့သည့် ထီးစဲခါးတံတားအား ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးဖြစ်

**နေပြည်တော် မေ ၂၁**
ကယားပြည်နယ် လွိုင်ကော်မြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိစဉ် လွိုင်လင်လေးမြို့၏ မြောက်ဘက်မီတာ ၂၅၀၀ ခန့်အကွာရှိ အရှည်ပေ ၂၆၀၊ အကျယ် ပေ ၃၀ ရှိ ထီးစဲခါးတံတားအား KNDF အကြမ်းဖက်အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများက ဖောက်ခွဲဖျက်ဆီးထားသည်ကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အနီးကပ်လုံခြုံရေးဆောင်ရွက်ပြီး ဆီဆိုင်မြို့နယ် လမ်းဦးစီးဌာနမှ တာဝန်ရှိသူများဖြင့် မေ ၁၇ ရက်မှစတင်၍ ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ယခုအခါ တံတားပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ယာဉ်ကြီး/ယာဉ်ငယ်များ ၁၃ တန်အထိ ဖြတ်သန်းသွားလာနိုင်ပြီ ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မြန်အောင်မြို့နယ်၌ မိုးရာသီလူထုဖြန့် ပျိုးပင်များ ပျိုးထောင်ထားရှိ

**မြန်အောင် မေ ၂၁**
ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သစ်တောဦးစီးဌာနမှ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုကောင်းမွန်မျှတရေး၊ သစ်တောသစ်ပင်များ ထိန်းသိမ်းခြင်းနှင့် ဒေသအပူချိန် လျှော့ချနိုင်စေရန် ရည်ရွယ်၍ ၂၀၂၄ ခုနှစ် မိုးရာသီ လူထုဖြန့်သစ်ပင်စိုက်ပျိုးရန် ကျွန်း၊ ပျဉ်းကတိုး၊ ယမနေ၊ မဟော်ဂနီ၊ မန်ကျည်းရှား၊ ပိတောက်၊ ယူကလစ်၊ ကံ့ကော်၊ ခရေ၊ စိန်ပန်း၊ ဇာဒိ၊ ရေတမာ၊ မယ်ဇယ် စသည့်ပျိုးပင်ပေါင်း ၁၄၀၀၀၀ ပျိုးထောင်ထားရှိကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးခိုင်ထံမှ သိရသည်။

